မြန်မာ့အလင်း

၁၂၈၂ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၁၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

အမေရိကန်၏ ထင်ရာစိုင်းတတ်သည့် ဗိုလ်ကျစိုးမိုးရေးဝါဒ အမှန်တရားမြတ်နိုးသည့် ပြည်သူများ ဆန့်ကျင်ကန့်ကွက်

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းတို့သာမက အခြားလူမှုရေးအဖွဲ့အစည်းများကပါ သဘောထားကြေညာချက်များ အသီးသီးထုတ်ပြန်၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အရေးကိစ္စကို ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် တင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချလိုက်သဖြင့် အတည်ပြုနိုင်ခြင်းမရှိဘဲ ပျက်ပြားခဲ့ရသည်။

မြန်မာနိုင်ငံ၏ လက်ရှိတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေများကို မျက်ကွယ်ပြုပြီး ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဆန့်ကျင်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာလည်း ရောက်ပေသည်။ ထို့ကြောင့် အဆိုပါမူကြမ်းကို တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။

အလားတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းတို့က အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံဖန်တီးမှုလုပ်ရပ်ကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

အမေရိကန်အနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စကို လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံသတင်းများကို ဖန်တီးပေးပို့ခဲ့သည့် အမျိုးသားသစ္စာဖောက် ပြည်ပြေး၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများနှင့် ပြည်ပကိုအားကိုးနေသည့် ပြည်တွင်းမှ နိုင်ငံရေးသမားပုဆိန်ရိုးများကို ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်းများအားလုံးက မြန်မာပြည်သူများနှင့်အတူ ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

တစ်နည်းအားဖြင့် ဆိုရသော် အမေရိကန်နှင့် ဗြိတိန်တို့က ၎င်းတို့၏ အကျိုးစီးပွားအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ခုတုံးလုပ်အသုံးချပြီး ထင်ရာစိုင်းတတ်ကြသည့် ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်ကို အမှန်တရားမြတ်နိုးသည့် ပြည်သူများက ဆန့်ကျင်ရှုတ်ချလိုက်ခြင်းပင် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အလေးထားကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇန်နဝါရီ ၂၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့ လိုက်ပါလျက် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ကင်းသာကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ကိုးကွေ့-ဂမုန်းတောင်လမ်းအပိုင်းတာဝန်ခံ စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်လွင်က ကိုးကွေ့-ဂမုန်းတောင်လမ်းအပိုင်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးကံလှက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ခရိုင်ချင်းဆက်လမ်းများသည် ကျေးရွာနေ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာနှင့်မြို့ကို ဆက်သွယ်ပေးသော လမ်းများဖြစ်၍ စီမံကိန်း ရည်မှန်းချက် အောင်မြင်အောင် အလေးထားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လမ်းများ ဖောက်လုပ်ရာတွင်လည်း အရည်အသွေး ကောင်းမွန်စေရန် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ မြေဖြတ်ခြင်း၊ ဖို့မြေ အမျိုးအစား ရွေးချယ်ခြင်းနှင့် စက်ယန္တရားများကို စနစ်တကျနှင့် စွမ်းအားပြည့်အသုံးချနိုင်အောင် ဆောက်ရွက်သွားရမှာဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ ရမည်းသင်းမြို့နယ် ရွှေမြင်တင်ကျေးရွာအကြား ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂)အပိုင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပေ ၃၀ အကျယ် မြေသားလမ်းဆောင်ရွက်ရန် ကျန်ရှိသည့် ရေဦးရွာနှင့် ထနောင်းကုန်းကျေးရွာကြားရှိ တစ်ကြောင်းထိုးဖောက်လုပ်ထားသော လမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ပေ ၃၀ အကျယ်မြေသားလမ်း အမြန်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရတရားတော် (သဇင်ရေကျော်ဆရာတော်)
၈း၀၅	ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား
၈း၁၅	ဆုရအက
၈း၂၀	နိုင်ငံတကာ အနုပညာရေးရာ
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြိုး
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ တက္ကသိုလ် ဇော်ထူးဦးနှင့် တွေ့ဆုံခြင်း)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ဆက်သွယ်မှုကွန်ရက် Internet Cafe (1)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ဂက်စ်မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	Midweek Sports News
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	မြန်မာစာ၊ မြန်မာစကား(၉)
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	Music Talk (Hip Hop) (နေထက်ဇော်ဝင်း၊ ခွန်ဆိုင်း တို့နှင့် တွေ့ဆုံခြင်း)
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	စားလို့ကောင်းမည့် ကောက်ရိုးမှိုခြောက်
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၃၉(ဂျီ)နေ ဦးတင်လှ - ဒေါ်အေးအေးကြည် (အဂ္ဂမဟာသီရိ သုဓမ္မသီဂိ) မိသားစုတို့က သုံးထပ်ဘိုးဘွား ဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၁)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ် အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ၂၂ရက် ညပိုင်းက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (အောက်ပုံ)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အပြန်အလှန်ပေးအပ်

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယဆုံးမစာ အမှတ်စဉ်(၉) ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ်(၄)ယောက်

မိမိ၏ကျေးဇူးကိုဆောင်ရွက်လိုသော အဆွေခင်ပွန်းစစ်တို့မှာ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသာလျှင် ဖြစ်ပါသည်–

- မိမိကကောင်းမှု ကုသိုလ်ဆောင်ရွက်ရန် မေ့လျော့နေလျှင်ပင် သတိပေး၍ ကောင်းမှုကုသိုလ်ကို ဆောင်ရွက်စေတတ်သူ
- မိမိဥစ္စာကိုပင် သူပိုင်ပစ္စည်းကဲ့သို့ အလေအလွင့် ပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက် ကူညီပေးတတ်သူ
- မိမိတွင် ကံမကောင်းအကြောင်းမလှ၍ ဘေးဒုက္ခတွေ့ကြုံရသည့်အခါ၌ အားကိုးစရာ တစ်ခုအနေဖြင့် ကူညီစောင့်ရှောက်ဖေးမအားပေးတတ်သူ
- မိမိတွင် ပြုဖွယ်ကိစ္စများရှိ၍ ငွေကြေးဥစ္စာ လိုအပ်သည့်အခါ၌ မိမိအလိုရှိသော အတိုင်းအတာထက် သာလွန်၍ နှစ်ဆမျှလောက် ပေးကမ်း ချေးငှားတတ်သူ

"မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်၊ လေးဖြာဥပကာရတည်း"

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ကျေးဇူးဆောင်ရွက်တတ်သော အဆွေခင်ပွန်းစစ်များဖြစ်သည့်အတွက် အမြဲမပြတ် ချဉ်းကပ် ပေါင်းသင်းထိုက်သူများဖြစ်ပါသည်။ ။

(သာသနာရေး)

လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အသုံးပြုရန် Air Bus A 310-200 လေယာဉ် ထပ်မံရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော Air Bagan Ltd.မှ အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဒုတိယအစင်းအဖြစ် ဝယ်ယူထားသော Air Bus A 310-200 လေယာဉ် XY-AGE (အောက်ပုံ) **သည် ယမန်နေ့ညနေ ၄ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလှိုင်၊ Air Bagan Ltd. မှ ဥက္ကဋ္ဌ ဦးတေဇနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များ လာရောက်ကြည့်ရှု လေ့လာကြသည်။**

ဖြည့်ဆည်းဆောင်ရွက်

Air Bagan Ltd. အနေဖြင့် Fokker F-100 လေယာဉ်တစ်စင်း၊ ATR (42) လေယာဉ်သုံးစင်း၊ ATR (72) လေယာဉ်နှစ်စင်း စုစုပေါင်း လေယာဉ်ခြောက်စင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိသည်။ ၂၀၀၆ခုနှစ် အောက်တိုဘာလအတွင်းက Air Bus A 310-200 လေယာဉ်တစ်စင်း ရောက်ရှိလာခဲ့ပြီးဖြစ်ရာ ရန်ကုန်မှ ဗန်ကောက်၊ စင်ကာပူနှင့် ကူမင်းမြို့သို့ ပျံသန်းပြေးဆွဲရန်အတွက် နိုင်ငံခြားသား Air Busလေယာဉ်မှူးကြီးများနှင့် နိုင်ငံခြားသားအင်ဂျင်နီယာများ ငှားရမ်းခြင်း၊ မြန်မာနိုင်ငံသားလေယာဉ်မှူးများအား Air Bus A (310) သင်တန်းတက်ရောက်စေခြင်း၊ မြန်မာနိုင်ငံသားလေယာဉ်မောင် လေယာဉ်မယ်များအား Air Bus သင်တန်းပေးခြင်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်း ခရီးစဉ်အတွက် လိုအပ်မည့် ဝန်ဆောင်မှုကိစ္စများ၊ မြေပြင်သုံး အထောက်အကူပြုယာဉ်များဝယ်ယူခြင်းကိစ္စများနှင့်အခြား လိုအပ်သောကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ထားပြီးဖြစ်သည်။

ပြေးဆွဲမည်

နိုင်ငံတကာ စံချိန်မီ ပျံသန်းရန် အဆင်သင့်ဖြစ်ပါက ရန်ကုန်–ဗန်ကောက်–ရန်ကုန် ခရီးစဉ်နှင့် ရန်ကုန်–စင်ကာပူ–ရန်ကုန် ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲပြီး ရန်ကုန်–မန္တလေး–ကူမင်း–မန္တလေး–ရန်ကုန် ခရီးစဉ်ကို တစ်ပတ်လျှင်သုံးကြိမ် ပြေးဆွဲမည် ဖြစ်သည်။

မကြာမီအချိန်ကာလအတွင်း Air Bagan Ltd. အတွက် ထပ်မံဝယ်ယူထားသော Fokker F-100လေယာဉ်တစ်စင်းမှာလည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို တိုးချဲ့ပျံသန်းရေးအတွက် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများကသိ တွေးလို့ကြည့်

✤ သီလငါးပါး၊ ရင်ဝယ်ထားသူ
တရားအသိ၊ အစဉ်ရှိသူအား
ဖိအားပေးရန်၊ ထပ်ထပ်ကြံ၍
စီမံကြိုးပမ်း၊ မှုကြမ်းတင်သွင်း
ဖျက်မျဉ်းပြုသူ၊ စိတ်ယုတ်သူကို
ဗီတိုဆောင်၍
ညီနောင်မိတ်ရင်း၊ ကန့်ကွက်ခြင်းဖြင့်
တင်သွင်းသူများ၊ ရှုံးနိမ့်သွားပြီ
ခဲထားလေသမျှ၊ သဲရေကျသို့။

✤ စိတ်မထင်သော်၊ ကျူးကျော်ကြိမ်ကြိမ်
မငြိမ်လှုပ်ရှား၊ နယ်ချဲ့များကား
အများအသိ၊ မေးကြည့်ပါလေ။

✤ မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေသို့
စစ်မြေတလင်း၊ စစ်ခင်းခါခါ
မြို့ရွာပြည်လုံး၊ ကျေပြုန်းသွားအောင်
ကြံဆောင်သူအား
အများကသိ တွေးလို့ကြည့်
အဲဒါကမ္ဘာကအသိ။

ရဲရင့်သွေး(ဥပဒေ)

အီဂျစ်၌ ရေနံလုပ်ကွက်သစ်များ ရှာဖွေတွေ့ရှိ

ကိုင်ရို ဇန်နဝါရီ ၂၃

အီဂျစ်နိုင်ငံ၌ နိုင်ငံတကာရေနံကုမ္ပဏီများက ရေနံလုပ်ကွက်အသစ်များ ရှာဖွေတွေ့ရှိထားကြောင်း၊ ရေနံများအလျှံအပယ် တွေ့ရှိထားကြောင်း မီနာသတင်းဌာနက ဇန်နဝါရီ ၁၉ရက်တွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ ရေနံလုပ်ကွက်များသည် စူးအက်ပင်လယ်ကွေ့၊ သဲကန္တာရအရှေ့ပိုင်းနှင့် အနောက်ပိုင်းမြေထဲပင်လယ်တို့၌ လွန်ခဲ့သောခြောက်လကတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရေနံဓာတုဝန်ကြီး ဆာမက်ဖတ်မီ၏ ပြောကြားချက်ကို မီနာသတင်းဌာနက ကိုးကားဖော်ပြသည်။

အဆိုပါ ရေနံလုပ်ကွက်များမှ ရေနံစိမ်းစည်ပေါင်း သန်း ၁၄၀အပြင် သဘာဝဓာတ်ငွေ့ ၁ ဒသမ ၅ထရီလီယံ ကုဗပေထွက်ရှိနိုင်ကြောင်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ယင်းတွေ့ရှိမှုတွင် အနောက်ပိုင်းသဲကန္တာရ၌ အများဆုံးတွေ့ရှိရခြင်းဖြစ်ပြီး ကာရန် ၁နှင့် ကာရန် ၂မှာ အထူးထွက်ရှိ မည့် လုပ်ကွက်များဖြစ်ကြောင်းလည်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

ချုပ်ဆို

အီဂျစ်နိုင်ငံသည် နိုင်ငံတကာကုမ္ပဏီများနှင့် ရေနံရှာဖွေရေးတွင် နည်းပညာများ၊ ကျွမ်းကျင်မှုများ ရရှိစေရန် စာချုပ်များ ချုပ်ဆိုထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကမ္ဘာ့အရှည်ဆုံး ကျောင်နန်ရှန် အဝေးပြေးဥမင်လိုဏ်ခေါင်းကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းအစိုးရကို ဖယ်ရှားရန် အမေရိကန်တို့ကြံစည်ဟု ဟာနီယာစွပ်စွဲ

ဂါဇာ ဇန်နဝါရီ ၂၃

လွန်ခဲ့သည့်နှစ်က ရွေးကောက်ပွဲ၌ အနိုင်ရရှိကာ အာဏာရလာသော ဟားမတ်စ်ဦးဆောင်သည့် ပါလက်စတိုင်းအစိုးရကို ဖယ်ရှားရန် အမေရိကန်နိုင်ငံက လုပ်ဆောင်နေကြောင်းဖြင့် ပါလက်စတိုင်းဝန်ကြီးချုပ် အစ္စမေးဟာနီယာက ဇန်နဝါရီ ၂၁ ရက်တွင် စွပ်စွဲလိုက်သည်။

ဖျက်ဆီး

အမေရိကန်တို့သည် လွတ်လပ်ပြီး တရားမျှတစွာ ရွေးချယ်တင်မြှောက်သည့်အတွက် ပါလက်စတိုင်းပြည်သူများကို ပြစ်ဒဏ်ခတ်လိုကြကြောင်း၊ ထိုမျှမက အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းရေးကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ပါလက်စတိုင်းပြည်သူများအား ပြည်တွင်းစစ်ဖြစ်ရန် တွန်းပို့လျက်ရှိကြောင်း ၎င်းကပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့အရှည်ဆုံးဥမင်လိုဏ်ခေါင်း တရုတ်၌ဖွင့်လှစ်

စီအင် ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ကမ္ဘာပေါ်တွင်အရှည်ဆုံး ဥမင်လိုဏ်ခေါင်းတစ်ခုဖြစ်သည့် အရှည် ၁၈ ကီလိုမီတာရှိသော လေးလမ်းသွားအဝေးပြေး ဥမင်လိုဏ်ခေါင်းတစ်ခုကို ဇန်နဝါရီ ၂၀ ရက်၌ ဖွင့်လှစ်လိုက်သည်။

အဆိုပါ ကျောင်နန်ရှန် အဝေးပြေး ဥမင်လိုဏ်ခေါင်းသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စီအင်မြို့မှ စတင်ကာ ရှန်စီပြည်နယ် ရှန်လောမြို့ယန်ပင်အရပ်အထိ ရှည်လျားကြောင်း၊ ၎င်းဥမင်လိုဏ်ခေါင်းအတွင်း မော်တော်ယာဉ်များအနေဖြင့် တစ်နာရီ ကီလိုမီတာ ၈၀အထိ မောင်းနှင်နိုင်ကြောင်း သိရသည်။

ဖောက်လုပ်

ကျောင်နန်ရှန် အဝေးပြေး ဥမင်လိုဏ်ခေါင်းကို ၂၀၀၂ခုနှစ် မတ်လမှ စတင်ကာ ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ရေးလုပ်ငန်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသန်း ၄၁၀ရှိကြောင်းသိရသည်။

အဆိုပါ အဝေးပြေး ဥမင်လိုဏ်ခေါင်းသည် တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီယားဒေသ ကောတူ၊ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိတ်အပိုင်းတို့ပါဝင်သော တရုတ်အမျိုးသားအဝေးပြေးလမ်းပိုင်းနှင့် ဆက်စပ်လျက်ရှိသည်။

ဒုတိယအရှည်ဆုံး

ကမ္ဘာပေါ်တွင် ဒုတိယအရှည်ဆုံး ဥမင်လိုဏ်ခေါင်းမှာ ဂျပန်နိုင်ငံတွင်ရှိပြီး စုစုပေါင်း အရှည်မှာ ၁၀ ဒသမ ၉ ကီလိုမီတာရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တို့ကြောင့် အီရတ်နိုင်ငံ တည်ငြိမ်မှုကင်းဝေးနေ ပြည်ပတပ်များ အမြန်ဆုံးထွက်ခွာသင့်ကြောင်း ဆီးရီးယားသမ္မတပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံမှ ပြည်ပတပ်များ ရုပ်သိမ်းသွားရန်လိုအပ်ကြောင်းအီရတ်ပြည်သူများ လွတ်လပ်ခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်သမ္မတ ဂျာအယ်တာလာဘာနီနှင့် ဇန်နဝါရီ ၂၀ရက်က တွေ့ဆုံစဉ် ဆီးရီးယားသမ္မတက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှု ကင်းဝေးနေခြင်းသည် အမေရိကန်တို့ကြောင့်ဖြစ်ပြီး အီရတ်နိုင်ငံ တည်ငြိမ်မှုရရှိရေးနှင့် ဒေသတွင်းငြိမ်းချမ်းမှုရရှိအောင် မိမိတို့လက်တွဲကြိုးစားဆောင်ရွက်သွားမည်ဟု ဆီးရီးယားသမ္မတ အာဆတ်က ပြောကြားသည်။

ဆောင်ရွက်

ဆီးရီးယားနိုင်ငံအနေဖြင့် အီရတ်နိုင်ငံရှိ ပြည်ပတပ်များ အမြန်ဆုံးရုပ်သိမ်းရန် လိုလားလျက်ရှိကြောင်း၊ အီရတ်နိုင်ငံသည် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေရန်လိုအပ်ကြောင်း အီရတ်နိုင်ငံ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို အီရတ်တို့ကိုယ်တိုင် လွတ်လပ်စွာ ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြင်တွေ့လို

ဆီးရီးယားနိုင်ငံသည် အီရတ်နိုင်ငံနှင့် ပြန်လည်ပေါင်းစည်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးမြင်တွေ့လိုသည့်နိုင်ငံဖြစ်ကြောင်း၊ အီရတ်နိုင်ငံအား နီးနီးကပ်ကပ် အကူအညီပေးသွားမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်တောင်ပိုင်း ဘာဆရာမြို့၌ ဗြိတိသျှ စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ဗြိတိသျှစစ်အခြေစိုက်စခန်းတစ်ခုအား စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊တိုက်ခိုက်ခံရမှုမှာ ဇန်နဝါရီ ၁၈ရက်ညဥ့်၌ဖြစ်ကြောင်းဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ၁၉ရက်တွင်ပြောကြားသည်။

စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး အခြားငါးဦးမှာလည်း အသီးသီးဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးကုသမှုခံယူ

ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်နှစ်ဦးသည် ဘာဆရာမြို့ရှိ ၎င်းတို့၏စစ်အခြေခံစခန်း၌ပင် ဆေးကုသမှုခံယူနေပြီး အခြားတပ်ဖွဲ့ဝင်များမှာ ဘာဆရာစစ်ဆေးရုံ၌ ကုသမှုခံယူရလျက်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ကမ္ဘာ့အရှည်ဆုံး

ကလေးအများဆုံး ပါဝင်ရေးသားသည့် ကဗျာ

ကလေးငယ် အရေအတွက် အများဆုံး ပါဝင်ရေးသားထားသည့် ကဗျာ တစ်ပုဒ်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

အီတလီနိုင်ငံ ဗီရိုနာမြို့တွင် အရှည် ၁၆၄၀ပေ ရှည်သော စာရွက်ပေါ်တွင် ကလေးငယ်တစ်သိန်းတို့ စုပေါင်းကာ ကဗျာတစ်ပုဒ် ရေးသားခဲ့ကြရာ စုစုပေါင်းငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာငါးသိန်းခန့်တန် လည်ဆွဲ

ဒေါ်လာငါးသိန်းခန့် တန်ဖိုးရှိသော လည်ဆွဲတစ်ခုကို ပြသနေစဉ်။ (ဝဲပုံ)

ကမ္ဘာပေါ်တွင် ပထမဆုံးကျင်းပသည့် ရှေးဟောင်း အမျိုးသမီးလက်ဝတ်ရတနာ အရောင်းပြပွဲကို လန်ဒန်မြို့၌ ကျင်းပရာ ရွှေနှင့်ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ရှေးဟောင်းလည်ဆွဲ တစ်ခုမှာ အမေရိကန်ဒေါ်လာ ငါးသိန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။

(အင်တာနက်)

အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သည့်ခေတ်မီမျိုးချစ်တပ်မတော်အဖြစ်တည်ဆောက်နေ တပ်မတော်(ရေ)အနေဖြင့် တပ်မတော်၏အစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်း မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေးတာဝန်ကို လှေခွက်ချည်းကျွန်အလံမလှဲစိတ်ဓာတ်ဖြင့်စွမ်းစွမ်းတမံထမ်းဆောင်

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၇)နှင့် အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၄၁)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

တပ်မတော်(ရေ)စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၇)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၄၁)သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ဧရာဝတီ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆင်း အရာရှိများ၏မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း က သင်တန်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြု တပ်ခွဲများအား စစ်ဆေးပြီးနောက် ယင်း တပ်ခွဲများ၏အနေးလျှောက်၊ အမြန် လျှောက်တို့ဖြင့် ချီတက် အလေးပြုခြင်း ကို ခံယူသည်။

ယင်းသို့ တပ်ခွဲများက အနေး လျှောက်၊ အမြန်လျှောက် တို့ဖြင့် ချီတက်အလေးပြုကြစဉ် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော်(ရေ) အင်ဂျင်နီယာ အရာရှိငယ် သင်တန်းအမှတ်စဉ်(၄၁)မှ အကောင်းဆုံး ကျောင်းသားဆုရ ဗိုလ်သက်ဝင်းမောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၇)နှင့် အင်ဂျင်နီယာ အရာရှိငယ် သင်တန်းအမှတ်စဉ်(၄၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စိုးသိန်းအား တပ်မတော်(ရေ)မှ စစ်ရေ ယာဉ်များက ရန်ကုန်မြစ်ကြောင်း အတိုင်း အလေးပြုမောင်းနှင်ကြသည်။

ထူးချွန်ဆုချီးမြှင့်

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိ ငယ် သင်တန်းအမှတ်စဉ် (၆၇)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ (၄၄၁၁) ဗိုလ်နိုင်အောင်အားလည်း ကောင်း၊ အင်ဂျင်နီယာ အရာရှိငယ် သင်တန်း အမှတ်စဉ်(၄၁)မှ အကောင်း ဆုံး ကျောင်းသားဆုရ ရေ(၄၄၆၄) ဗိုလ်သက်ဝင်းမောင်အားလည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက အမှာစကားပြောကြားရာ တွင် ယနေ့သည် တပ်မတော်(ရေ) စီမံ ခန့်ခွဲရေး အရာရှိငယ်သင်တန်း အမှတ် စဉ်(၆၇)နှင့် အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ် (၄၁) သင်တန်း ဆင်း အခမ်းအနား ကျင်းပသည့်နေ့ ဖြစ်ကြောင်း၊ ရေတပ်လေ့ကျင့်ရေး ဌာနချုပ်တွင် ရေတပ် တပ်ဖွဲ့ဆိုင်ရာ ဘာသာရပ်များ၊ စီမံခန့်ခွဲရေးပညာရပ် များနှင့် စက်မှုလက်မှုဆိုင်ရာပညာရပ် များကို ဆည်းပူးသင်ယူအောင်မြင်ခဲ့ပြီး သင်တန်းဆင်းသည့်နေ့ဖြစ်၍ ရဲဘော်တို့ အတွက် ဝမ်းမြောက်ဂုဏ်ယူရမည့် နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် တပ် မတော်အတွက် ခွန်အားသစ်များ တိုးပွား လာသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးအောင်မြင်၍ တာဝန် ကျရာတပ်စခန်း၊ ရေယာဉ်အသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်ရတော့ မည့် ရဲဘော်တို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား မှာ ကြားစရာရှိသည်များကို အလေးအနက် မှာကြားလိုကြောင်း။

မျိုးချစ်စိတ်ထက်သန်

မိမိတို့တပ်မတော်သည် လွတ်လပ် ရေး ကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ် စိတ်ဓာတ်ထက်သန်သည့် နိုင်ငံသား များဖြင့် ဖွဲ့စည်းခဲ့သည့် တပ်မတော် ဖြစ်ကြောင်း၊ နယ်ချဲ့စနစ်ဆိုး၏ အမျိုး မျိုးသော နှိပ်စက်မှုများကို မခံမရပ် နိုင်လွန်းသဖြင့် လွတ်လပ်ရေးအတွက် ရရာလက်နက်ကိုစွဲကိုင်ပြီး တိုက်ပွဲဝင် ခဲ့ရသည့် တပ်မတော်ဖြစ်ကြောင်း။

တပ်မတော်သားများသည် ပြည်သူ ကြားက ပေါက်ဖွားလာသည့် ပြည်သူ့ တပ်မတော်သားများပီပီ ရောက်ရာ ဒေသမှာတွေ့ရသည့် ပြည်သူကို အမိ အဖ၊ ညီအစ်ကို၊ မောင်နှမအရင်း အချာပမာ ဆက်ဆံခဲ့ကြကြောင်း၊ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးက လည်း ရဲဘော်များကို အလွန်လေးစား အားကိုးပြီး ရင်နှစ်သည်းချာပမာ စောင့် ရှောက်ခဲ့ကြကြောင်း၊ မိမိတို့ တပ်မတော် သည်လည်း ပြည်သူများ အားထားနိုင် လောက်အောင် စွမ်းရည်ရှိခဲ့ကြောင်း၊ နယ်ချဲ့တို့သည် မိမိတို့တပ်မတော်၏ စွမ်းရည်ကို အသိအမှတ်မပြု၍ မရ တော့ခြင်းကြောင့် လွတ်လပ်ရေးကို ပေးလိုက်ခြင်းဖြစ်ကြောင်း။

အဓိကအချက်အချာ

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးသည် အမျိုးသား နိုင်ငံရေး၏ အဓိကအချက်အချာ ဖြစ် ကြောင်းကို တွေ့ရကြောင်း၊ တိုင်းရင်း သားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည် ထောင်စုပြိုကွဲမည်ဖြစ်ပြီး တစ်ဆက် တည်းမှာပင် အချုပ်အခြာ အာဏာ လည်း လက်လွတ်ဆုံးရှုံးသွားမည်ဖြစ် ကြောင်း။

ယခုဆိုလျှင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက် နိုင်ခဲ့ခြင်းကြောင့် တောတွင်း လက်နက် ကိုင် အဖွဲ့အားလုံးနီးပါးသည် ဥပဒေ ဘောင်အတွင်း ပြန်လည် ရောက်ရှိ လာကြပြီး တပ်မတော်နှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် လျက်ရှိကြကြောင်း၊ တပ်၊ စခန်း၊ ရေ ယာဉ်များကို ရောက်ရှိသည့်အခါတွင် ရဲဘော်တို့သည်တပ်မတော်(ရေ)၏ ခေါင်းဆောင်ငယ်များ အဖြစ်တာဝန် ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် နာယကဂုဏ်ခြောက်ပါး၊ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ခေါင်းဆောင် ကောင်းပီသအောင် ပြောဆိုနေထိုင် ကျင့်ကြံပြီး ခေါင်းဆောင်မှု အရည် အချင်းမြင့်မားတိုးတက်လာရေးအတွက် မိမိကိုယ်ကို လေ့ကျင့်ပြုစု တည်ဆောက် ကြရမည်။ ခေါင်းဆောင်ဘဝကို ရရှိရန် အတွက် အတွေ့အကြုံနှင့် ရင်းနှီးပြီး ကြိုးစားရယူကြရမည်ဖြစ်ကြောင်း။

ကြိုးစားအားထုတ်

ထို့ကြောင့် ရဲဘော်တို့သည် မိမိကို ထက်မြတ်သည့်ခေါင်းဆောင်အဖြစ် လက်အောက်က ယုံကြည်ကိုးစားလာ အောင် ခေါင်းဆောင်မှုအရည်အသွေး ပြည့်ဝသည်ထက် ပြည့်ဝရန် အစဉ်အမြဲ ကြိုးစားအားထုတ်သွားကြရေးကိုအလေး အနက်မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက်ဘုရင့်နောင် အငူထိ မိုင်ပေါင်း ၁၃၈၅ မိုင်ခန့် ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကမ်း ခြေမှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာ စတုရန်းမိုင်ပေါင်း တစ်သိန်း လေးသောင်းကျော် ကျယ်ဝန်းသည့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ကြောင်း။

တားဆီးချေမှုန်း

ရဲဘော်တို့သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရေပေါ် ရေအောက် သယံဇာတအရင်းအမြစ် များကို ထိန်းသိမ်းရေးနှင့် လုံခြုံစွာ ထုတ်ယူ အသုံးပြုနိုင်ရေး အတွက် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မိမိ တို့ပင်လယ်ပြင်ကို ဝင်ရောက်လာမည့် ပြည်ပကျူးကျော် ရန်မှန်သမျှကိုလည်း ပင်လယ်ပြင်၌ပင် အပြီးတိုင် ခုခံ ကာကွယ် တားဆီးချေမှုန်းရမည်။ သို့မှ သာ မြန်မာ့ပင်လယ် ဒို့ကာကွယ် ဆိုသည့် တပ်မတော်(ရေ)၏ အဓိက တာဝန်ကြီးကိုကျေပွန်မည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)သည် စတင်ဖွဲ့ စည်းခဲ့ချိန်မှစ၍ ယနေ့ခေတ်တိုင် ကာ ကွယ်ရေးလိုအပ်ချက်နှင့်အညီ တပ်/ စခန်းများနှင့် စစ်ရေယာဉ်များကို ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်ကာကွယ် ရေးစွမ်းအားနှင့် နည်းပညာအဆင့် အတန်းကို တစ်ပြိုင်နက်တည်းမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် နည်းပညာအဆင့် အတန်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ခိုင်မာအောင်တည်ဆောက်

မိမိတို့တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံ တော်ကြီးကိုအေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း တည်ဆောက်နေခြင်းဖြစ် ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် တိုင်းရင်းသား အားလုံး ခိုင်မာစွာစည်းလုံးညီညွတ်ကြ ရန် လိုအပ်ကြောင်း၊ တစ်နည်းအား ဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာ သည်ထက်ခိုင်မာအောင် တည်ဆောက် ရန်လိုအပ်ကြောင်း။

ထို့ကြောင့် ရဲဘော်တို့သည် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ရေးကို အလေးထားဆောင်ရွက်နေကြ ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၆

ရခိုင်ငြိမ်းချမ်းရေးတပ်မတော်
သဘောထားကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟုယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရခိုင်ငြိမ်းချမ်းရေးတပ်မတော်က ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ရခိုင်ငြိမ်းချမ်းရေးတပ်မတော်၏ သဘောထားထုတ်ပြန်ကြေညာချက်

၁၆–၁–၂၀၀၇

၁။ မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ မိမိတို့အဖွဲ့ ကန့်ကွက်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ■

မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်း
သဘောထားကြေညာချက်

အမေရိကန်နှင့်ဗြိတိန်တို့၏ တစ်ဖက်သတ်လုပ်ရပ်သည် မျှတမှုကင်းမဲ့ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံရွယ်လုပ်ဆောင်ခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်းက သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန်ကြိုးပမ်းအားထုတ်ပြီး
ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏
တစ်ဖက်သတ်လုပ်ရပ် ပျက်ပြယ်သွားခဲ့ခြင်းနှင့်စပ်လျဉ်း၍
မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်း၏ ထုတ်ပြန်ကြေညာချက်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်

စာမျက်နှာ ၇ ကော်လံ ၄ ❍

MTA မက်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့
သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏အရေးကိစ္စအားလုံးသည် တိုင်းရင်းသားပြည်သူများကသာ မြန်မာပြည်တွင်းမှာ ဖြေရှင်းသင့်သည်ဟု အပြည့်အဝယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် MTA မက်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့က ဇန်နဝါရီ၁၈ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
MTAမက်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်

၁။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့

စာမျက်နှာ ၇ ကော်လံ ၄ ✡

မန္တလေးဈေးချိုသူ၊ ဈေးချိုသားများ၏
သဘောထားကြေညာချက်

မြန်မာနိုင်ငံပြည်တွင်းရေးကို အရေးယူဆောင်ရွက်ရန် အမေရိကန်၏ အဆိုပြုချက်ကို ရောယောင်ထောက်ခံနေမည့်အစား အမေရိကန်က နိုင်ငံငယ်များအား ကျူးကျော်စိုးမိုးမှုကို တားမြစ်သင့်

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မန္တလေးဈေးချိုသူ၊ ဈေးချိုသားများက ဇန်နဝါရီ၁၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မန္တလေးဈေးချိုသူ၊ ဈေးချိုသားများ၏ ကြေညာချက်

ရက်စွဲ ၁၄–၁–၂၀၀၇

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်က ကျွန်ုပ်တို့မြန်မာနိုင်ငံအား တစ်ဖက်သတ် အရေးယူဆောင်ရွက်နိုင်ရန် အဆိုပြုချက်မူကြမ်းတစ်ရပ်ကို

စာမျက်နှာ ၇ ကော်လံ ၁ ❒

လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ပြီးသော (SSNA) တပ်မဟာ(၁၁)အဖွဲ့၏ ကြေညာချက်

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ခံစားနေရပြီ အမျိုးသားညီလာခံတွင် ဆွေးနွေးဆောင်ရွက်မှုများသည် အမှန်အကန်ဖြစ် အမေရိကန်နှင့်ဗြိတိန်တို့၏ ကြိုးပမ်းမှုအားလုံးကို လုံးဝလက်မခံ

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီးသော (SSNA)တပ်မဟာ(၁၁)အဖွဲ့က သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ပြီးသော
(SSNA)တပ်မဟာ(၁၁)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်၊ ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင်

စာမျက်နှာ ၇ ကော်လံ ၄ ●

လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ပြီးသော (SSNA) တပ်မဟာ(၁၉)အဖွဲ့၏ ကြေညာချက်

မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်တစ်ဖက်သတ်ဖိအားပေး ကြိုးပမ်းမှုအားလုံးကို လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ခဲ့သော (SSNA)တပ်မဟာ (၁၉)အဖွဲ့က သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ခဲ့သော
(SSNA)တပ်မဟာ(၁၉)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ လုံခြုံရေးကောင်စီတွင် အမေရိကန်၊ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား

စာမျက်နှာ ၁၀ ကော်လံ ၃ ✳

■ *စာမျက်နှာ ၆ မှ*

ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီးဖြစ်သည့်အပြင် မြန်မာပြည်သူလူထုအားလုံးက ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။

၂။ သို့ရာတွင် အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်း မရှိမှု စသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

၃။ မြန်မာနိုင်ငံအရေးကိစ္စသည် ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်သည်မှာ မမှန်မကန်စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်ကန်ဆုံးနည်းလမ်းဖြစ်ကြောင်း ကျွန်ုပ်တို့ ရခိုင်ငြိမ်းချမ်းရေးတပ်မတော်(AA) အဖွဲ့အနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

ဦးခိုင်လင်းနိုင်
ရခိုင်ငြိမ်းချမ်းရေးတပ်မတော်

❐ *စာမျက်နှာ ၆ မှ*

တင်သွင်းခဲ့ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံတွင် ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံး၍ ပယ်ချလိုက်ခြင်းကို ကျွန်ုပ်တို့မြန်မာပြည်သူ ပြည်သားများက အထူးကျေးဇူးတင်လျက်ရှိနေကြရာတွင် မန္တလေးမြို့ ဈေးချိုသူဈေးချိုသားများကထပ်ဆင့်၍ အထူး(အထူး) ကျေးဇူးတင်လျက်ရှိကြပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံမှ စွပ်စွဲပုတ်ခတ်ခဲ့သလို လုံးဝမဟုတ်မှန်ပါ၊ တိုင်းပြည်အတွင်း အေးချမ်းသာယာမှု၊ တိုးတက်မှုများကို ကျွန်တော်တို့ ဈေးချိုသူဈေးချိုသားများမှာ နေ့စဉ်နဲ့အမျှ မျက်ဝါးထင်ထင် ထိတွေ့ခံစားနေရပါသည်။ နိုင်ငံရေးအကျဉ်းသားဖမ်းဆီးထားခြင်း၊ တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်နေခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ထိရောက်စွာတားဆီးနှိမ်နင်းခြင်း မရှိခြင်းဆိုသည့် အချက်အလက်များသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံကို ယခုစော်ကားပုတ်ခတ်ဝေဖန်နေသော အမေရိကန်နိုင်ငံမှာပင် အဓိကဖြစ်ပွားနေလျက်ရှိပါသည်။

နိုင်ငံရေးအကျဉ်းသားဆိုသည့် အကျဉ်းသားများမှာ ယနေ့ အကျဉ်းထောင်ထဲတွင် လုံးဝမရှိခဲ့ဘဲ နိုင်ငံ၏ တည်ဆဲဥပဒေအမျိုးမျိုးကို ချိုးဖောက်၍သာ ရောက်ရှိခဲ့သော အကျဉ်းသားများရှိနေပါသည်။ ယခုလိုသိရှိရသည်မှာလည်း ကျွန်ုပ်တို့ မန္တလေးဈေးချိုသူဈေးချိုသားများက အကျဉ်းထောင်များအတွင်း ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ကူညီထောက်ပံ့မှုများကြောင့် သိရှိခဲ့ရပြီး ဖြစ်ပါသည်။ မြန်မာပြည်တွင်း တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်တိုက်ခိုက်နေခြင်းဆိုသည့် စကားရပ်မှာ တစ်ဖက်သတ် မျက်ကန်းတစ်ဦး စွပ်စွဲနေသလို ဖြစ်နေပါသည်။

မြန်မာနိုင်ငံသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ ဆောင်ရွက်လုပ်ကိုင်နေသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အရေးပေးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအပေါ် တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်နေသည်ဟု စွပ်စွဲနေမည့်အစား အမေရိကန်နိုင်ငံအတွင်းရှိ လူဖြူ၊ လူမည်း မပြေလည်မှု ကိစ္စရပ်များသည် ယနေ့တိုင် ချုပ်ငြိမ်းမှု မရှိခြင်း၊ ဟာဝိုင်ယီကျွန်းကိစ္စ ယနေ့ အမေရိကန်၏ မူဝါဒဖြစ်သည့် ငါ့မိတ်ဆွေ မဟုတ်သူ ငါ့ရန်သူ၊ ငါ့ဩဇာမခံသူ ငါ့ရန်သူဟူသော မူဝါဒအတိုင်း အခြားအင်အားငယ်နိုင်ငံများအပေါ် အလိုရမက်ကြီးမှု၊ ဗိုလ်ကျစိုးမိုးမှုများ၊ ဩဇာမခံမှုများကို အခြေခံလက်ကိုင်ထားပြီး စစ်ရေးကျူးကျော်တိုက်ခိုက်နေမှုများကြောင့် မလိုလားအပ်ဘဲ အမေရိကန်စစ်သားများ နေ့စဉ်ရာနှင့်ချီသေဆုံးနေမှုများကြောင့် အမေရိကန်ပြည်သူ၊ ပြည်သားများကပင် လက်ရှိအမေရိကန်အစိုးရအပေါ် ကန့်ကွက်ဆန္ဒပြ ရှုတ်ချမှုများအား မေရိကန်ပြည်တွင်းကိစ္စအဖြစ် ဦးစွာပထမဖြေရှင်းခြင်းမရှိဘဲ၊ လောဘ၊ ဒေါသ၊ မောဟကို အခြေခံပြီး၊ အခြားအင်အားငယ် တိုင်းပြည်များအပေါ် ကောက်ကျစ်စဉ်းလဲမှုများကို ကျွန်ုပ်တို့ မြန်မာပြည်သူ၊သားများက လုံးဝလက်မခံပါ။

HIV၊ တီဘီ၊ ငှက်ဖျားရောဂါများ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု စွပ်စွဲမှုတွင် တီဘီ၊ ငှက်ဖျားရောဂါထိန်းချုပ်နိုင်မှု မှတ်တမ်းများအနေဖြင့် ကျွန်ုပ်တို့ ပြည်တွင်းရှိ မှတ်တမ်းထားရှိသော ဆေးခန်း၊ ဆေးရုံများအား မေးမြန်းနိုင်ပါသည်။ တစ်ကမ္ဘာလုံးတွင် စတင်ဖြန့်ဝေခဲ့တဲ့ (HIV)ရောဂါဟာ အမေရိကန်နိုင်ငံမှ စတင်ခဲ့တာပါ။ ဒီရောဂါကို အမေရိကန်နိုင်ငံမှာရှိတဲ့ လူတစ်ဦးတစ်ယောက်က စတင်ဖြစ်ပေါ်နေပြီလို့ ကြေညာခဲ့တာဟာလည်း ကမ္ဘာ့သမိုင်းမှာ အမရိကန်ကပဲ စတင်ခဲ့ခြင်းဖြစ်ပါသည်။ လူ့တိရစ္ဆာန်များ လွှမ်းမိုးတဲ့ အမေရိကန်နိုင်ငံရဲ့ မြို့တော်ကြီးတွေမှာ နေ့နေ့ညည အရှက်မရှိ လမ်းဘေးပလက်ဖောင်းတွေမှာ (HIV)ပြန့်ပွားပေးနေတဲ့ အမျိုးသမီးတွေဟာ အမေရိကန်တစ်နိုင်ငံလုံး ရိုက်သတ်လို့တောင် မနိုင်-နိုင်ပါဘူး၊ မြန်မာနိုင်ငံကို စွပ်စွဲနေမယ့်အစား အမေရိကန်နိုင်ငံကိုပဲ သူ့ပြည်တွင်း(HIV)ပြန့်ပွားမှုကိစ္စအား အထူးအလေးထားဆောင်ရွက်ပါရန် မြန်မာပြည်တွင်းရှိ လူဦးရေသန်း၆၀က အမေရိကန်နိုင်ငံကို တိုက်တွန်းလိုပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု စွပ်စွဲခြင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံကပဲ ကမ္ဘာမှာ အသုံးစွဲဆုံးဖြစ်ပါတယ်။ အမေရိကန်နိုင်ငံပြည်တွင်းရှိ မူးယစ်မှောင်ခိုများကို ဦးစွာနှိမ်နင်းလိုက်ရင် ကမ္ဘာမှာမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွေ နည်းပါးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံပြည်တွင်းရေးကို တစ်ဖက်သတ် အရေးယူဆောင်ရွက်ရန် အမေရိကန်နိုင်ငံ၏ အဆိုပြုမှုကို အမေရိကန် နောက်လိုက်များက ရောယောင်ထောက်ခံနေမည့်အစား အမေရိကန်နိုင်ငံက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံငယ်များအား ကျူးကျော်စိုးမိုးဝင်ရောက်နေမှုကို ဝိုင်းဝန်းတားမြစ်သင့်ပါသည်။

မြန်မာနိုင်ငံအပေါ် မိတ်ဆွေရင်းချာအဖြစ်အမြဲတမ်း ကူညီစောင့်ရှောက်ပြီး ဗီတိုအာဏာအသုံးပြုခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံ၊ ကြားနေမဲပေးခဲ့သော အင်ဒိုနီးရှား၊ ကွန်ဂိုနှင့်ကာတာနိုင်ငံများကို အထူးကျေးဇူးတင်ပါကြောင်းနှင့် မြန်မာစကားပုံတစ်ခုဖြစ်သော "ခင်ရာဆွေမျိုး၊ မိန်ရာဟင်းကောင်း" ဆိုသကဲ့သို့ ကိုယ့်ပြည်တွင်းရှိ ဆွေမျိုးအရင်းအချာများသည် ကိုယ့်ပြည်ကို ချစ်မြတ်နိုးမှုမရှိခြင်း၊ ကိုယ့်အမျိုးကို ချစ်မြတ်နိုးမှု မရှိကြသော ငါးပိစားသော ပါးစပ်မှ ထောပတ်နံ့ထွက်လိုသူ ပြည်တွင်းသစ္စာဖောက်များကို အမွေဖြတ်ပြီး မောင်းထုတ်၍ ခင်ရာအမျိုးတို့နှင့်အတူ လက်တွဲပြီး ခေတ်မီအေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်ရန် မြန်မာပြည် မန္တလေးမြို့ရှိ ဈေးချိုသူဈေးချိုသားများမှ ကြေညာအပ်ပါသည်။

မန္တလေးဈေးချိုသူ၊ ဈေးချိုသားများ

❍ *စာမျက်နှာ ၆ မှ*

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto)သုံး၍ ကန့်ကွက်ပယ်ချပြီး တောင်အာဖရိကသမ္မတနိုင်ငံကလည်း ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံ၏လက်ရှိအခြေအနေသည် ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု မယူဆကြောင်းလည်း သိရှိရပါသည်။

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့သည် မြန်မာနိုင်ငံ၏နိုင်ငံရေး၊စီးပွားရေး၊ကျန်းမာရေး၊လူမှုရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်ကွယ်ပြု၍ ပြည်တွင်းမှ အဖျက်သမားများ၏ မမှန်မကန်တင်ပြချက်များကို အခြေပြုသည့် မဟုတ် မမှန် လုပ်ကြံစွပ်စွဲချက်များကို အကြောင်းပြပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့ပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်း ခုတုံးလုပ်အသုံးချခဲ့ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့ကိုလည်း ဖိအားပေးခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ အထက်ဖော်ပြပါမအောင်မြင်သော တစ်ဖက်သတ်လုပ်ရပ်သည် တရား မျှတမှုကင်းမဲ့ပြီး မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ထိပါးပျက်ပြားစေရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်းက ရှုမြင်ပါသည်။ ထို့ကြောင့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်ကြိုးပမ်းခဲ့သည့် လုပ်ရပ်နှင့်စပ်လျဉ်း၍ မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်းက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားကို အသိအမှတ်ပြု ရပ်တည်ပေးခဲ့ကြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီးပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မင်္ဂလာမေအမျိုးသမီးစွမ်းဆောင်ရှင်အသင်း

✡ *စာမျက်နှာ ၆ မှ*

အစီအစဉ်တင်သွင်းခဲ့မှုအပေါ် ကျွန်ုပ်တို့အဖွဲ့က လုံးဝ(လုံးဝ)ကန့်ကွက်ခဲ့ပြီး ဖြစ်သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားအားလုံးကလည်း ဒေသအလိုက် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် မမှန်မကန်လုပ်ကြံစွပ်စွဲချက်များဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ တိုင်းရင်းသားအချို့ကို တိုက်ခိုက်ပြီး လူ့အခွင့်အရေးချိုးဖောက်မှု၊ အိပ်ချ်အိုင်ဗွီ၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားမှုတို့အား မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများအား တားဆီးနှိမ်နင်းနိုင်ခြင်းမရှိသည့် အကြောင်းပြချက်များဖြင့် ယခုကဲ့သို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ အဆိုပါ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ မြန်မာ့အရေးကို ပုံကြီးချဲ့လုပ်ဇာတ်ခင်း အတိုင်အဖောက်ညီညီ အရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြလာမှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto အာဏာသုံး၍ ကန့်ကွက်ခဲ့မှုအပေါ် ကျွန်ုပ်တို့ အဖွဲ့အစည်းအနေဖြင့် အထူးပင်ဝမ်းမြောက်ကျေးဇူးတင်ပါကြောင်းနှင့် အဆိုပါ နိုင်ငံများနည်းတူ အမှန်တရားဘက်မှ ရပ်တည်ပေးခဲ့သော တောင်အာဖရိကနိုင်ငံကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

၄။ မြန်မာနိုင်ငံ၏ အရေးကိစ္စအားလုံးသည် တိုင်းရင်းသားပြည်သူများကသာ မြန်မာပြည်တွင်းမှာ ဖြေရှင်းသင့်သည်ဟု အပြည့်အဝယုံကြည်ပါသည်။ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကို လက်မခံနိုင်ကြောင်းနှင့် ကျွန်ုပ်တို့နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားပေါင်းစုံဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင် ဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

ဦးလင်းဆိုင်
ဥက္ကဋ္ဌ
MTA မတ်ကျန်းဒေသဖွံ့ဖြိုးရေးအဖွဲ့။

● *စာမျက်နှာ ၆ မှ*

တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်မှု၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားခြင်း မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုစသည့် မမှန်ကန်သောအကြောင်းပြချက် စွပ်စွဲမှုဖြင့် လုံခြုံရေးကောင်စီကို ဖိအားပေးကြိုးပမ်းမှုများအားလုံးကို မိမိတို့အဖွဲ့က လုံးဝဆန့်ကျင်ကန့်ကွက်ပါသည်။

၂။ လက်ရှိ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှု၊ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိခံစားနေရသည်ဖြစ်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ထိန်းချုပ်သွားမည်ဖြစ်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဆောင်ရွက်မှုအားလုံးသည် အမှန်အကန်ဖြစ်ပါကြောင်း ကျွန်ုပ်တို့အဖွဲ့အနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

၃။ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု မမှန်မကန် စွပ်စွဲမှုအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က ပြင်းထန်စွာကန့်ကွက်ခဲ့၍ မြန်မာနိုင်ငံတော်၏ကိစ္စအား အရှိကို အရှိအတိုင်း၊ အမှန်အကန်အတိုင်း သိမြင်ပေးသောကြောင့် ကျွန်ုပ်တို့အဖွဲ့က လွန်စွာဝမ်းမြောက်ကျေးဇူးတင်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ၏ လက်ရှိပြည်တွင်းရေးကိစ္စများသည် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ မမှန်မကန် တစ်ဖက်သတ်ဖိအားပေး ကြိုးပမ်းမှုအားလုံးကို မိမိတို့အဖွဲ့မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချပါကြောင်း သဘောထားကြေညာပါသည်။

ဦးကန်န
(SSNA)တပ်မဟာ(၁၁) လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီးသောအဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် အမျိုးသမီးထုကြီးတစ်ရပ်လုံးကို ခိုင်မာစွာစုစည်း တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ် ပီပီပြင်ပြင်ဖြစ်လာစေရေး ဦးတည် ကြိုးပမ်းဆောင်ရွက် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များပြည့်မီကျော်လွန်အောင် စွမ်းအားရှိသရွေ့ ဝိုင်းဝန်းဖော်ဆောင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ရှိသည့် အမျိုးသမီးများသည် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

ယနေ့ဆိုလျှင် မြန်မာအမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်ပြီး မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေးအတွက်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တစ်ဖက်တစ်လမ်းက ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မားမားမတ်မတ် ခိုင်ခိုင်မာမာရပ်တည်နေပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရည်ရွယ်ချက်(၇)ရပ်၊ အခြေခံမူ(၄)ရပ်၊ ဖွဲ့စည်းပုံတာဝန်ဝတ္တရားများနှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း။

စုစည်းညီညွတ်

ဤအဖွဲ့ကြီး၏ သက်တမ်း သုံးနှစ်ကျော်ကာလအတွင်းတွင် အမျိုးသမီးအဖွဲ့ဝင် စုစုပေါင်းအင်အား သုံးသန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းရာ၌ အမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ ဆောင်ရွက်သွားနိုင်ရန် ဦးဆောင်ဦးရွက်ပြုသွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည်ဆိုသည်ကို အကြွင်းမဲ့ခံယူထားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားကြောင်း၊ ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် ဒို့တာဝန်အရေးသုံးပါးကိုအခြေခံပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် အမျိုးသားရေးဆိုင်ရာ အခြေခံမူ၊ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ၊ ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေးသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် လူမှုရေးဆိုင်ရာ အခြေခံမူ၊ အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသမီးရေးရာ အခြေခံမူတို့နှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အခွင့်အရေးရရှိ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး အဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ၊ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ အရေးအရာကိစ္စများသာမက အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများတွင်ပါ စိတ်ပါဝင်စားပြီး လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်သည့် မြန်မာအမျိုးသမီးများတိုင်း အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိနေကြကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်း မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် အမျိုးသမီးဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်နှစ်ထက်တစ်နှစ် မျက်ခြည်မပြတ် ပိုမိုတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပါအဝင် လူမှုရေးအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၌ရှိသည့် အမျိုးသမီးများ၏အရေးကိစ္စများကို ရှေးရှုဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအားလုံး တိုင်တိုင်ပင်ပင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရသည့်အပြင် အစိုးရလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ အဆင့်မြင့်အုပ်ချုပ်မှုကဏ္ဍများတွင်လည်း အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို လက်ရှိအခြေအနေများအရ သိရှိနိုင်ကြောင်း။

ပံ့ပိုးကူညီနိုင်

ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် လူတိုင်းအတွက် ပညာရေး (Education for All)အစီအစဉ်များကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်များ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ကျောင်းမနေနိုင်သူများအား ထောက်ပံ့ပေးခြင်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အပါအဝင် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၆ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်မှု ၉၇ ဒသမ ၈ ရာခိုင်နှုန်းထိရှိခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အပါအဝင် လူမှုရေးအသင်းအဖွဲ့များက ပညာရေးအတွက် ကျပ်သန်း ၄၀၀ ကျော် လှူဒါန်းခဲ့ကြောင်း၊ ထို့အပြင် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)အစီအစဉ်အရ မသန်စွမ်းသော ကလေးများအပါအဝင် ကလေးငယ် ၂၁၅၂၀ ကို ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိစေခဲ့ပြီး ယင်းကလေးများထဲတွင် မိန်းကလေးဦးရေ ၄၁ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲ၍ ပြည်နယ်နှင့်တိုင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပညာရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ရာတွင် ၂၀၀၆ ခုနှစ်အတွင်း ကျောင်းသား တစ်သိန်းနှစ်သောင်းကျော်ကို ပံ့ပိုးကူညီနိုင်ခဲ့ကြောင်း။

နိုင်ငံတော်ကချမှတ်ထားသော အမျိုးသား ကျန်းမာရေးစီမံကိန်းများကို ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်း သက်တမ်းစေ့နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်နှစ်ရပ်ချမှတ်ကာ ကျေးလက်ဒေသများတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားပါက ထိရောက်စွာကုသပေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လက်တွဲ၍ ကျန်းမာရေးကဏ္ဍ၌ အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းနှင့် အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်နိုင်စေရန်ကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်အတူ အခြားစေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးကြကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း အလေးထားဆောင်ရွက်နေသည့် ရောဂါကြီးသုံးမျိုးဖြစ်သည့် HIV/AIDS ရောဂါ၊ ငှက်ဖျားရောဂါနှင့် အဆုတ်ရောဂါတို့ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က စီမံချက်များချမှတ်ပြီး ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ ၁၇ ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်း ၂၇ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တက်ကြွစွာပါဝင်ဆောင်ရွက်

ယခုကဲ့သို့ ကူညီစောင့်ရှောက်မှုများကြောင့် HIV ဖြစ်ပွားမှုနှုန်း ၂၀၀၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ HIV ပိုးတွေ့ရှိနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၂ ဒသမ ၇၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁ ဒသမ ၃၁ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ထိုရောဂါသုံးမျိုး ကူးစက်မှုတားဆီးကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေး၊ ကုသရေးများနှင့် နှစ်သိမ့်ဆွေးနွေးမှုများကို ဆောင်ရွက်ရာတွင် စနစ်တကျ တက်ကြွစွာပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အသေးစား ချေးငွေလုပ်ငန်းအစီအစဉ် (Micro Credit Scheme)အတွက် မတည်ငွေများကို ပြည်နယ်၊ တိုင်းအသီးသီး၌ရှိသည့် အမျိုးသမီးရေးရာအဖွဲ့များသို့ ထုတ်ပေးပြီး အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များကလည်း အမျိုးသမီးများအား အလုပ်အကိုင်ရရှိရေးနှင့် သင့်တင့်လျောက်ပတ်သည့်လုပ်ငန်းများရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများအနေဖြင့် ၁၈၁၄ ကြိမ် အမျိုးသမီးဦးရေ ငါးသောင်းကျော်သင်တန်းပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီး ၂၅၆၅ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အသေးစားချေးငွေလုပ်ငန်းများကိုလည်း ယခုနှစ်တွင် တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပညာပေးဆွေးနွေး

အမျိုးသမီးများ၏ ဘဝလုံခြုံမှုကဏ္ဍအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုများနှင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် နိုင်ငံတော်က အလေးအနက်ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့များကလည်း တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်နိုင်ရန် ပညာပေးဟောပြောခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများဆိုင်ရာ ပညာပေးဟောပြောခြင်းလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း ဟောပြောဆွေးနွေးခြင်း ၇၉၆၂ ကြိမ် လူဦးရေ တစ်သန်းကျော်ကို ပညာပေးဆွေးနွေးခဲ့ကြကြောင်း။

နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့၌လည်း မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက် လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက် မီးလင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်ခြေအဆင့်ထိရောက်အောင် ထိထိရောက်ရောက် လုပ်ရှားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

စံနမူနာပြ

မွန်မြတ်သည့် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဦးဆောင်ကြမည့် အဆင့်ဆင့်သော အမျိုးသမီးခေါင်းဆောင်များသည် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအရသော်လည်းကောင်း၊ စွမ်းဆောင်မှုအရည်အသွေးအရသော်လည်းကောင်း၊ စေတနာဝီရိယစိုက်ထုတ်မှုအရသော်လည်းကောင်း အဘက်ဘက်၌ စံနမူနာပြဖြစ်နေစေရန် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း။

အဖွဲ့ဝင် အမျိုးသမီးတိုင်းကိုလည်း အဖွဲ့ချုပ်ကြီး၏ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားရေး၊ အဖွဲ့ချုပ်ကြီး၏ မွန်မြတ်သည့် ရည်ရွယ်ချက်များနှင့် ချမှတ်ထားသည့် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဖြစ်ထွန်းလာစေအောင် မိမိတို့ကျရာတာဝန်များကို အားကြိုးမာန်တက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို တိုးမြှင့်လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပညာပေးထိန်းသိမ်း

ထို့အပြင် မြန်မာအမျိုးသမီးငယ်များအနေဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစားထိန်းသိမ်းမြှင့်တင်တတ်သည့် အလေ့အထနှင့် ခံယူချက်ဖြစ်ပေါ်လာအောင်၊ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ အမြဲမပြတ်ရှင်သန်ထွန်းကားနေစေရအောင် စည်းရုံးဦးဆောင် ပညာပေးထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအင်အားစုများသာမက ဒေသတွင်း နိုင်ငံများမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် BPFA၊ CEDAW နှင့် MDG၌မှ ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အောင်မြင်အောင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များကိုလည်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများသို့ စေလွှတ်ခဲ့ကြောင်း။

ဝိုင်းဝန်းကူညီဆောင်ရွက်

ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျား၊ မ တန်းတူညီတူရှိရေး၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများကို ၂၀၁၅ ခုနှစ်မတိုင်မီ နိုင်ငံအသီးသီးက ဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများကို နိုင်ငံတကာအဖွဲ့အစည်းများက ဖွံ့ဖြိုးမှုအစီအစဉ်များ၊ ငွေကြေးနှင့် နည်းပညာများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအား အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂ၊ ILO အဖွဲ့အစည်းများကို အသုံးချပြီး ဖိအားပေးဆောင်ရွက်လျက်ရှိခြင်းကြောင့် အလွန်နည်းပါးသော အကူအညီကိုသာ ရရှိခဲ့ကြောင်း၊ ရည်မှန်းချက်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ပိတ်ဆို့မှုများကြားက မိမိတို့၏စွမ်းအားဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ကိုယ့်ခွန်ကိုယ်အားဖြင့် ပြည်သူများအတွက် ဆောင်ရွက်နေခြင်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လိုအပ်နေသည့် အခန်းကဏ္ဍများ၌ စွမ်းအားရှိသရွေ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုကြောင့် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများပိတ်သိမ်းခံခဲ့ရပြီး အမျိုးသမီးများ အလုပ်လက်မဲ့ဖြစ်ကာ ထိခိုက်နစ်နာခဲ့ရကြောင်း၊ ယခုလည်း မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မူကြမ်းတင်သွင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များမဟုတ်ဘဲ ပြည်တွင်းသစ္စာဖောက်အချို့နှင့် စည်းဝါးကိုက်လုပ်ကြံဖန်တီးမှုများဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် အဖွဲ့အစည်းအသီးသီးက ဆန့်ကျင်ကန့်ကွက်လျက်ရှိကြကြောင်း။

မျက်ဝါးထင်ထင်တွေ့မြင်

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ၌ မကြုံစဖူး ထူးကဲစွာ ပြည်တွင်း **ငြိမ်းချမ်းမှုရရှိနေပြီဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာပြည်အနှံ့ နယ်စပ်ဒေသအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံကြီး၌လည်း** ပြည်သူလူထု အလွှာအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန်အတွက် ပါဝင် **ဆွေးနွေးခြင်းတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီဖြစ်ကြောင်း။**

မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသောအခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဆန့်ကျင်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သဖြင့် အဆိုပါမူကြမ်းကို တင်သွင်းခဲ့သည့် အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့၏ လုပ်ရပ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ရှုတ်ချလိုက်ရကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး မွန်းလွဲပိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိပါးခြင်း မဟုတ်ဘဲ ပြည်တွင်းရေးသက်သက်သာဖြစ်သဖြင့် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရန် ဆီလျော်မှုမရှိကြောင်း ထောက်ပြဝေဖန်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြကြောင်း။

လှိုက်လှဲစွာကျေးဇူးတင်

ယင်းသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုရှေးရှုကာ အမှန်တရားဘက်မှ ပြတ်သားစွာ ရပ်တည်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်တကွ ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အား ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များကို လေးစားလိုက်နာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံအတွက်သာမက အနာဂတ်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ ကောင်းမြတ်သောအစဉ်အလာတစ်ရပ်လည်း ဖြစ်သည့်အတွက်ကြောင့် မြန်မာပြည်သူတို့ ကိုယ်စား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေးကြီးက မှတ်တမ်းတင်ပါကြောင်း ကို ပြောကြားလိုကြောင်း။

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အုန်းရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး အကြားအလပ်မရှိ မျှမျှတတ တိုးတက်ဖြစ်ထွန်းရေးအတွက် နယ်စပ်ဒေနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဤလုပ်ငန်းရပ်များ အောင်မြင်ဖြစ်ထွန်းသည်နှင့်အမျှ အမျိုးသမီးများ၏ ဘဝတွင်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် အမျိုးသမီးများအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သော အမျိုးသားညီလာခံကြီး၌လည်း စနစ်တကျနှင့် မှန်မှန်တိုးတက်ပြီးစီးနေသော ကာလဖြစ်သည့်အလျောက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်ရေးတွင် အမျိုးသမီးများကဏ္ဍကပါ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ဦးတည်ကြိုးပမ်း

အလေးအနက်ထားပြီး ထပ်မံတင်ပြလိုသည်မှာ နိုင်ငံတော်အစိုးရက အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ပီပီပြင်ပြင်ဖြစ်လာစေရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်သွားရာတွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး

ဦးတည်ချက်(၉)ရပ်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံးရေး။
၂။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ရေး။
၄။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအန္တရာယ်ကို အမျိုးသမီးထုစည်းလုံးမှုအားဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။
၅။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၆။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေး။
၇။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး။
၈။ အမျိုးသမီးများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
၉။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး။

ဦးတည်ချက်(၉)ရပ်

ယခု နှစ်ပတ်လည်အစည်းအဝေးကို ဦးတည်ချက်(၉)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ချမှတ်ထားသော ဦးတည်ချက်များမှာ–

- **ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံးရေး။**
- **နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရေး။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ရေး။**
- **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူ ပြည်တွင်းပြည်ပ အဖျက်သမားအန္တရာယ်ကို အမျိုးသမီးထုစည်းလုံးမှုအားဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။**
- **ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။**
- **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေး။**
- **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး။**
- **အမျိုးသမီးများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။**
- **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးတို့**ဖြစ်ကြောင်း။

ယခုနှစ်ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၊ အဖွဲ့ချုပ်လုပ်ငန်းအဖွဲ့များ၊ ဌာနကြီးများ၏ ၂၀၀၆ ခုနှစ် တစ်နှစ်တာကာလအတွင်းတွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို အစီရင်ခံစာများ တင်သွင်းဆွေးနွေးကြမည်ဖြစ်ပြီး ရှေ့ဆက်လက် ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကိုလည်း

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်ခိုင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အေးအေးကျော် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့များအနေဖြင့် ရင်းနှီးစွာ တိုင်ပင်ဆွေးနွေးပြီး လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ အခက်အခဲများ၊ အတွေ့အကြုံများကို ညှိနှိုင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ချမှတ်ထားသော လုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးကြီးတွင် ၂၀၀၆ ခုနှစ် တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ရုံသာမက အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝလုံခြုံရေး၊ လူမှုစီးပွားမြှင့်တင်ရေးနှင့် စည်းရုံးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်အောင် ကျေကျေလည်လည် ပါဝင်ဆွေးနွေးကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလုံး ချစ်ခင်ရင်းနှီးစွာဖြင့် အမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ကောင်းမြတ်သော လုပ်ငန်းများကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အရောင်းဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

သဘာပတိ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့အစီအစဉ်များကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်ခင်မိုးဥက ဆောင်ရွက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက တင်ပြကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးကလည်းကောင်း၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အုန်းရင်ကလည်းကောင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်စိန်ကလည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာကလည်းကောင်းနှင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်ကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၏ တင်ပြချက်အပေါ် သဘာပတိ ဒေါ်သန်းသန်းနွဲ့က ခြုံငုံသုံးသပ်ဆွေးနွေးပြီး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်နန်းယုထွေးက ဆောင်ရွက်သည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းစီရင်ခံစာများကို ဆက်လက်ဖတ်ကြားတင်ပြကြရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေကလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်ခိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မာမာသိန်းကလည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြမြင့်သူကလည်းကောင်း၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်ကလည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်ကလည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် သဘာပတိ ဒေါ်ခင်လေးမြင့်က ခြုံငုံသုံးသပ်ဆွေးနွေးပြီး အစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်နှင့်တိုင်း အမျိုး သမီးရေးရာ အဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သောအဖွဲ့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သော လေ့လာရေးအဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လေ့လာရေးခရီး လည်ပတ်ရန် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာကြရာ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီး ကျော်မျိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော်အနီးရှိ ရတနာဆင်ဖြူတော်ဆောင်သို့ ရောက်ရှိကြကာ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြပြီး တာရှိသူများအား အလှူငွေများ ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဧည့်ခန်းမဆောင်၌ နိုင်ငံတော်ကာကွယ် ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြဝင်းအား တွေ့ဆုံနှုတ် ဆက်ကြသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယို ဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြဝင်းနှင့်လေ့လာရေး အဖွဲ့ခေါင်းဆောင် Major General Pornpipat Subhanbhesuj တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး လေ့လာရေးအဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်လေ့လာရေးအဖွဲ့ခေါင်းဆောင် Major General Pornpipat Subhanbhesuj သည် စေတီတော်ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြသည်။

ဖူးမြော်

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ဗိုလ်တထောင်ကျိုက် ဒေးအပ်စေတီတော်မြတ်ကြီးအားသွားရောက် ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သော လေ့လာရေးအဖွဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြဝင်းအား တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

မိမိတို့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်အဖြစ် အရှိန်အဟုန်မြှင့် အားသွန်ကြိုးပမ်း ဟန်ချက်ညီညီ တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နေချိန်တွင် တပ်မတော်(ရေ) အနေဖြင့်လည်း တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေးတာဝန်ကို လေ့ခွက်ချည်းကျန်အလံမလှဲ စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က သင်တန်းဆင်း အရာရှိများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ပြီး အမှာစကားပြောကြားသည်။

ဖျော်ဖြေ

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကို ရေတပ်လေ့ကျင့်ရေးဌာနချုပ် အရာရှိရိပ်သာ၌ကျင်းပပြီး မြဝတီအငြိမ့်ဖြင့် ဖျော်ဖြေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ စာမျက်နှာ ၆ မှ

ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသား လူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိကြောင်းစသည့် မမှန်မကန်သော အကြောင်းပြချက်ဖြင့်စွပ်စွဲမှုအား မိမိတို့အဖွဲ့မှ လုံးဝဆန့်ကျင်ကန့်ကွက်ပါသည်။

၂။ မြန်မာ့အရေးသည် ဒေသတွင်းနှင့်နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည်ဟု မဟုတ်မမှန်စွပ်စွဲမှုသာဖြစ်သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ပြင်းထန်စွာကန့်ကွက်ခဲ့သလို မိမိတို့အဖွဲ့ကလည်း နိုင်ငံတော်အစိုးရနှင့်အတူ လုံးဝဆန့်ကျင်ကန့်ကွက်ပါသည်။

၃။ ယခုအခါ ကျွန်တော်တို့မြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှု၊ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိစံစားခံစားနေရသည်ဖြစ်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ပြီး နိုင်ငံတော်၏ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အတိုင်း အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းမှုအားလုံးသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့နေဖြင့် အခိုင်အမာယုံကြည်ပြီး ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတော်၏ အရေးကိစ္စအား အရှိအရှိအတိုင်း၊ အမှန်အမှန်အတိုင်း သိမြင်ပေးကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မြန်မာနိုင်ငံအစိုးရနှင့်အတူ ကျွန်ုပ်တို့အဖွဲ့က လွန်စွာ ကျေးဇူးတင်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ၏ လက်ရှိပြည်တွင်းရေးကိစ္စများသည် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ မမှန်မကန် တစ်ဖက်သတ်ဖိအားပေးကြိုးပမ်းမှုအားလုံးအား မိမိတို့အဖွဲ့မှ ဆန့်ကျင်ရှုတ်ချကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာပါသည်။

ဦးဂုဏ်ခေး
SSNA တပ်မဟာ(၁၉)
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီးသောအဖွဲ့

မြန်မာ့အာမခံလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)နှင့် ပြည်နယ်/တိုင်းနှင့် ခရိုင်ရုံးများ၏ ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံ လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အာမခံအကာကွယ်များကို ပြည်သူများအကျိုးငှာ အမှန်တကယ် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး ပြည်နယ်/တိုင်းနှင့်ခရိုင်တာဝန်ခံများက တတိယလေးလပတ် အစီရင်ခံစာများကို ဖတ်ကြား တင်သွင်းကြသည်။

ထို့နောက် တာဝန်ရှိပုဂ္ဂိုလ်များက ပြည်နယ်/တိုင်းနှင့် ခရိုင်တာဝန်ခံများ၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ တင်ပြဆွေးနွေးချက်များအပေါ် အသေးစိတ် စိစစ်သုံးသပ်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြသည်။

(သတင်းစဉ်)

ရင်သွေးငယ်များ ကျန်းမာစေဖို့ ဝက်သက်ကာကွယ်ဆေးထိုးကြစို့

တွေ့ဆုံမေးမြန်းသူ– မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၃

ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းဖြင့် ကာကွယ်၍ရသော ရောဂါများအနက် ဝက်သက်ကြောင့် ကလေးငယ်များ သေဆုံးရမှုမှာ ၅၀ရာခိုင်နှုန်းခန့် ရှိနေသည်။ ထိုသို့ဝက်သက်ရောဂါကို မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုလျော့ကျစေရေးနှင့် ဝက်သက်ရောဂါသည် ကလေးငယ်များအတွင်း ကျန်းမာရေးပြဿနာအဖြစ် မရှိစေရေးအတွက် နိုင်ငံတော်က စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၇ ခုနှစ် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်ကို တစ်နိုင်ငံလုံးအနေနဲ့ ပြုလုပ်သွားမှာပါ။ ဒေါက်တာလှမြင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး။

တွေ့ဆုံမေးမြန်း

ယခုအခါ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေး အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်မှ ဇန်နဝါရီ ၂၇ရက်အထိ ဆောင်ရွက်လျက်ရှိရာ ကလေးငယ်များ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

"အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်ကို တစ်နိုင်ငံလုံးအနေနဲ့ ဒီ ၂၀၀၇ မှာ ပြုလုပ်သွားမှာပါ။ လောလောဆယ်မှာ ရန်ကုန်တိုင်းနဲ့ မန္တလေးတိုင်းအတွင်း ဇန်နဝါရီ ၁၄ ရက်မှ ၂၇ ရက်အထိ ကာကွယ်ဆေးထိုးပေးရေး စီမံချက်ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု ပထမဦးစွာ ဒေါက်တာလှမြင့်က ရှင်းပြသည်။

ဆက်လက်ပြုလုပ်

၂၀၀၇ ခုနှစ် မတ် ၁၇ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်အားလုံးနှင့် တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသများတွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၀၇ ခုနှစ် မေလ ၁၄ ရက်မှ ၂၇ ရက်အထိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆက်လက် ပြုလုပ်သွားမည် ဖြစ်သည်။

ဝက်သက်ရောဂါကာကွယ်ဆေးထိုးရာတွင် ရန်ကုန်တိုင်းအတွင်း ကလေးအရေအတွက် မည်မျှရှိနိုင်မည်နှင့် ပတ်သက်၍ ဒေါက်တာလှမြင့်က "ရန်ကုန်တိုင်းအတွင်း စာရင်းကောက်ယူမှုအရ ကလေးငယ်ပေါင်း ၆၆၆၅၉၇ ဦး ကာကွယ်ဆေး ထိုးပေးနိုင်မယ်လို့ ရည်မှန်းထားတယ်။ အခု ဇန်နဝါရီ ၂၂ ရက်အထိ ၈ ရက်အတွင်း ကလေးလေးသိန်းကျော် ဝက်သက်ကာကွယ်ဆေးထိုးပြီးပြီဆိုတော့ ကျွန်တော်တို့ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ပါ"ဟု ပြောကြားသည်။

အနုစိတ်စီမံချက်

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရမည့် ကလေးငယ်မှာ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအားလုံး ကာကွယ်ဆေးထိုးကြရမည် ဖြစ်သည်။ ကလေးငယ်များအား ကြိုတင်စာရင်းကောက်ယူမှု၊ မြို့နယ်အလိုက် အနုစိတ်စီမံချက်များ ရေးဆွဲမှုများနှင့် သင်တန်းပေးမှုများကို ကျန်းမာရေး ဝန်ထမ်းများက ပြုလုပ်ပြီးမှ ကာကွယ်ဆေးထိုးခြင်းကို အကောင်အထည်ဖော်ရခြင်း ဖြစ်သည်။

ကလေးများ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရန် စုရပ်များထားရှိမှုနှင့်ပတ်သက်၍လည်း "ရန်ကုန်တိုင်းအတွင်းမှာ ဆေးထိုးစုရပ်ပေါင်း ၃၆၆၈ ခု ရှိပြီး ဆေးထိုးပေးမယ့် ကျန်းမာရေးအဖွဲ့ ၆၇၀ ထားရှိပေးထားပါတယ်။ ဒီလိုစုရပ်တွေမှာ ကာကွယ်ဆေးထိုးတဲ့အခါ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးများ စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကြက်ခြေနီနဲ့ အခြားလူမှုရေးအဖွဲ့ အစည်းတွေကလည်း ဝိုင်းဝန်းပံ့ပိုးပေးကြပါတယ်"ဟု ဒေါက်တာလှမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဝိုင်းဝန်းကူညီ

ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်နှင့် ကလေးငယ်များ ဝက်သက်ကာကွယ်ဆေး မပျက်မကွက်လာရောက်ထိုးနိုင်ရေးအတွက် လမ်းဖြတ်ပိုစတာများ၊ ဆေးထိုးစုရပ်ပိုစတာများ၊ ရိုးရိုးနံရံကပ်ပိုစတာများကို ချိတ်ဆွဲပေးထားပြီး စုရပ်များတွင် ဝိုင်းဝန်းကူညီပေးကြသူများကို ရင်ထိုးတံဆိပ်နှင့်အထိမ်းအမှတ် ဦးထုပ်များ ဝေငှပေးထားကြောင်းသိရသည်။

ဝက်သက်ရောဂါမှာ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပြီး ကူးစက်လွယ်သည့်ရောဂါလည်း ဖြစ်သည်။ ဝက်သက်ရောဂါဖြစ်ပွားပါက အနီဖုလေးများ ထွက်ခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်အပူချိန်မြင့်မားခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပေါ်တတ်လေသည်။ ဝက်သက်ရောဂါကြောင့် မျက်စိကွယ်ခြင်း၊ နားပင်းခြင်းနှင့် ဦးနှောက်ပျက်စီးခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် အသက်လည်းသေဆုံးနိုင်သည့် ရောဂါဖြစ်ရာ ကလေးသူငယ်များ ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။

၂၀၀၇ခုနှစ် အစုလိုက် ဝက်သက်ရောဂါဆေးထိုးလုပ်ငန်းကို ရွှေတောင်ကြား (၂)ရပ်ကွက်တွင် ရန်ကုန်တိုင်း ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးသုံးပစ္စည်းများ။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဝက်သက်ရောဂါဖြစ်ပွားနိုင် သည့် အရွယ်မှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်ပြီး ဝက်သက်ကာကွယ်ဆေးထိုးထားခြင်း မရှိသည့် မည်သည့် ကလေးငယ်မဆို ဝက်သက်ကြောင့် ဖျားနာပြီးသေဆုံးနိုင်လေသည်။ ဝက်သက်ရောဂါအတွက် ကာကွယ်ဆေးသည် အလွန်အန္တရာယ်ကင်းရှင်းပြီး ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်သဖြင့် ဝက်သက်ကာကွယ်ဆေးထိုးပေးသည့် စုရပ်များတွင် အခမဲ့ထိုးနိုင်အောင် နိုင်ငံတော်က စီစဉ်ပေးနေခြင်း ဖြစ်သည်။

ဝက်သက်ရောဂါ ကာကွယ်ဆေးကို ကလေးငယ်များကိုးလသားအရွယ်တွင် တစ်ကြိမ်ထိုးပြီး တစ်နှစ်ခွဲ အကြာတွင် နောက်တစ်ကြိမ် ထပ်မံထိုးပါက ဝက်သက်ရောဂါကို ကာကွယ်ပြီးသားဖြစ်ပြီးဖြစ်ရာ **"ကလေးငယ်များအတွက် ဝိုင်းဝန်းလို့၊ ဝက်သက်ရောဂါ တိုက်ဖျက်ကြစို့"**ဟူသော ဆောင်ပုဒ်နှင့်အညီ ရင်သွေးငယ်များ ကျန်းမာရေးအတွက် အချိန်မီ ဝက်သက်ကာကွယ်ဆေးများ သွားရောက်ထိုးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

လှိုင်မြို့နယ် (၁၁)ရပ်ကွက် ရွှေဟင်္သာလမ်းဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁)ရပ်ကွက် ရွှေဟင်္သာလမ်း ဘောလုံးကွင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ငါးကြိမ်မြောက်တရားပွဲကို ဇန်နဝါရီ ၂၆ရက်တွင် အရှင်နရပတိ (ဖြူးမဟာစည်သာသနာ့ရိပ်သာ)၊ ၂၇ရက်တွင် အရှင်သုန္ဒရ (စွန်းလွန်းဂူဝိပဿနာ)၊ ၂၈ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ၂၉ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီ)၊ ၃၀ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဂူတ)၊ ၃၁ရက်တွင် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း–ရွှေဟင်္သာ)နှင့် ဖေဖော်ဝါရီ၁ရက်တွင် အရှင်အရစိန္ဒာဘိဝံသ(ရွှေလင်းယုန်) ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ်
တပို့တွဲလဆန်း၇ရက်
(အဖိတ်နေ့)
၂၄–၁–၂၀၀၇ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၅ ၇။ အရေးပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၄:၅၀ ၁။ ၂၀၀၇ခုနှစ် (၅၂)ကြိမ်မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ) (ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း)
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၅၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊သတ္တဗေဒ အထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၅။ **"ဆွေမျိုးတော်ပေမယ့်"** (ဒုရဲမှူးတင်လင်း၊ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ) (ဒါရိုက်တာသက်တင်)
- ၁၇:၂၅ ၆။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၄၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၁။ Discovery.
- ၁၉:၁၅ ၁၂။ ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့
- ၁၉:၃၀ ၁၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၁၉:၄၅ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာရုပ်ရှင် **"ချစ်အမှျ"** ဇော်လင်း၊ ချိုပြုံး၊ ခင်ယုမေ) (ဒါရိုက်တာ–ဦးသုခ)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ကျိုက်ဒေးယျ ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ကျိုက်ဒေးယျ အရှင်ဥတ္တရ (ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) သည် ဇန်နဝါရီ ၂၄ရက်မှ ၂၆ရက်အထိ ဝါးခယ်မမြို့နယ် ကျောင်းစု ဓမ္မသဘင်၊ ဇန်နဝါရီ၃၁ရက်၊ ဖေဖော်ဝါရီ ၁ရက်တွင် ကျုံပျော်မြို့နယ် ကြို့ကုန်း ပြည်တော်အေး ဗုဒ္ဓပူဇနိယပွဲတော်၊ ၄ ရက်မှ ၆ ရက် အထိ ဓနုဖြူမြို့နယ် ပါတ်တန်း စာတော်ပြန်ပွဲ၊ ၁ ရက်မှ ၉ရက်အထိ မဏ္ဍလာရာမကျောင်းတိုက် တရားစခန်း၊ ၇ရက်၊ ၈ရက်တွင် ခရမ်းမြို့ မြို့လယ်ဓမ္မာရုံ ပုညကုသလအသင်း၊ ၁၁ရက်မှ ၁၄ရက်အထိ ခရမ်းမြို့နယ် မကျီးကန်ရွာ၊ ကျုံမရမ်းရွာ၊ ရိုးကြီးရွာ၊ ဝါးရုံကန်ရွာ၊ ၁၅ရက်မှ ၂၁ရက်အထိ ခရမ်းမြို့နယ် ကျောင်းကန်ကြီးရွာ၊ ပိန်းကန်ရွာ၊ စွယ်ကတောရွာ၊ အေးရွာ၊ ကမာကြပ်ရွာ၊ ညောင်လမ်းကန်ရွာ၊ ၂၂ရက်၊ ၂၃ရက်တွင် သုံးခွမြို့နယ် ညောင်နီရွာနှင့် ၂၄ရက်တွင် သန်လျင်မြို့နယ် ဝက်နက်ကန်ရွာတို့၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၃ရက်က အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်အေးအေးမြင့်၊ ဒေါက်တာ ဒေါ်မီမီလှိုင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

ဘာစီလိုနာနှင့် ရော်နယ်ဒင်ဟိုတို့၏ အောင်မြင်မှုပုံရိပ်များ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဇန်နဝါရီ ၂၃

စပိန်လာလီဂါ၌ အောင်မြင်မှုများရရှိနေသောအသင်းမှာ ဘာစီလိုနာ ဖြစ်သည်။ ဘာစီလိုနာ၏ အောင်မြင်မှုကို အဓိကပံ့ပိုးပေးနေသူမှာ ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုဖြစ်ရာ ဘာစီလိုနာနှင့် ရော်နယ်ဒင်ဟိုတို့၏ ပုံရိပ်များကို ဆက်စပ်ကြည့်မည် ဆိုပါလျှင်...

စပိန်လာလီဂါ၏ လွန်ခဲ့သည့် ဘောလုံးရာသီ ငါးခုကို ပြန်ပြောင်းကြည့်လျှင် ဘာစီလိုနာသည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ စတုတ္ထ၊ ၂၀၀၂-၂၀၀၃၌ ဆဋ္ဌမ၊ ၂၀၀၃-၂၀၀၄ ၌ ဒုတိယရရှိခဲ့ပြီး ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ လာလီဂါချန်ပီယံနှင့် ၂၀၀၅-၂၀၀၆၌လည်း ဆက်တိုက် လာလီဂါ ချန်ပီယံဖြစ်ခဲ့သလို ချန်ပီယံလိဂ်ဖလားလည်း ရရှိခဲ့လေသည်။

ခိုင်ခိုင်မြဲမြဲ

ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင်လည်း လာလီဂါ၌ ၁၈ပွဲကစား၊ ၁၁ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် တန်းစီဇယား ထိပ်ဆုံးနေရာကို ခိုင်ခိုင်မြဲမြဲ ရယူထားနေသည့် အသင်းဖြစ်သည်။

ဂိုးသွင်းစွမ်းရည်

ဘာစီလိုနာအသင်း၏ ဂိုးသွင်းအားကိုကြည့်လျှင် လာလီဂါချန်ပီယံဖြစ်ခဲ့သည့် ၂၀၀၄-၂၀၀၅ ၌ ၇၃ဂိုး၊ ၂၀၀၅-၂၀၀၆ ၌ ၈၀ ဂိုးဖြစ်ပြီး ယခု ၁၈ပွဲကစားပြီးချိန်၌ ၃၇ဂိုးသွင်းထားရာ ဘာစီလိုနာတိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည်မှာ ထက်မြက်လျက်ရှိကြောင်း ပြသနေသည်။

ထိုသို့ ၁၈ ပွဲ ကစားပြီးချိန်တွင် ဂိုးအများဆုံး သွင်းထားနိုင်သူမှာ ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုဖြစ်ပြီး ယခုနှစ် လာလီဂါ၌ တစ်ဦးတည်း ၁၂ ဂိုးသွင်းထားနိုင်ခဲ့သူလည်း ဖြစ်နေသည်။

ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို၏ ထိုးဖောက်ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

စပိန်လာလီဂါချန်ပီယံနှင့် ချန်ပီယံလိဂ်ဖလား လက်ရှိပိုင်ရှင်ဖြစ်အောင် **ဘာစီလိုနာကို အဓိကစွမ်းဆောင်ပေးခဲ့သူမှာ ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုပင် ဖြစ်လေသည်။ ရော်နယ်ဒင်ဟိုအနေဖြင့် ဘာစီလိုနာကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးခဲ့မှုမှာလည်း ထူးထူးခြားခြားပင် ဖြစ်ခဲ့သည်။**

သွင်းယူ

၁၉၈၀ပြည့်နှစ် မတ် ၂၁ရက်၌ ဘရာဇီးနိုင်ငံတွင် မွေးဖွားခဲ့သော ရော်နယ်ဒင်ဟိုသည် အသက်(၁၇)နှစ်၌ပင် ဘရာဇီးနိုင်ငံ၌ ခြေစွမ်းပြကစားနိုင်သဖြင့် ဘရာဇီးနိုင်ငံ အရန်လက်ရွေးစင် ဘောလုံးသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထို့နောက် ၂၀၀၁ခုနှစ်တွင် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတွင် ကစားခဲ့ပြီး ၁၆ပွဲကစားပေးကာ ရှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပြောင်းရွှေ့

ထို့အတူ ၂၀၀၂ခုနှစ်၌ ဘရာဇီးအသင်းအတွက် ကမ္ဘာ့ဖလားဘောလုံးပွဲ ငါးပွဲကစားပေးခဲ့ရာတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ပီအက်စ်ဂျီအသင်းအတွက် ၂၁ပွဲကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ စပိန်ကလပ် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဘာစီလိုနာသို့ ရော်နယ်ဒင်ဟို ရောက်ရှိချိန်တွင် လာလီဂါ၌ ဘာစီလိုနာ၏ အနေအထားမှာ လာလီဂါဖလား ရရှိရန်ဝေးပြီး ၂၀၀၂-၂၀၀၃ ဘောလုံးရာသီအပိတ် တန်းစီဇယား၌ ဆဋ္ဌမနေရာဖြင့် ပွဲသိမ်းခဲ့ရသည့်အဖြစ် ရောက်ရှိနေချိန် ဖြစ်သည်။

၁၅ ဂိုး

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ ရော်နယ်ဒင်ဟို ဘာစီလိုနာ၌ စတင်ကစားခဲ့ရာ ချန်ပီယံဖလားကို ကပ်ပြီး လက်လွှတ်ခဲ့ရကာ ဒုတိယနှင့် ကျေနပ်ခဲ့ရသည်။ ထိုနှစ် လာလီဂါ၌ ဘာစီလိုနာအတွက် ရော်နယ်ဒင်ဟို ၃၃ ပွဲ ကစားပေးခဲ့ပြီး ၁၅ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

> **“ဘာစီလိုနာကို အဓိကစွမ်းဆောင်ပေးခဲ့သူမှာ ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုပင် ဖြစ်လေသည်။ ရော်နယ်ဒင်ဟိုအနေဖြင့် ဘာစီလိုနာကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးခဲ့မှုမှာလည်း ထူးထူးခြားခြားပင် ဖြစ်ခဲ့သည်။”**

ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသော ဘာစီလိုနာအတွက် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ရော်နယ်ဒင်ဟို အစွမ်းကုန်ကြိုးစားခဲ့ရာ ကွင်းလယ်မှ ဘောလုံးဖြန့်ဝေပေးနိုင်မှုနှင့် ကိုယ်တိုင်ဂိုးသွင်းနိုင်မှုတို့ကြောင့် လာလီဂါတွင် ၃၅ ပွဲကစားပြီး ကိုးဂိုး သွင်းယူနိုင်ခဲ့သလို ဘာစီလိုနာအား လာလီဂါဖလားရရှိအောင် ဆွတ်ခူးပေးနိုင်ခဲ့သဖြင့် အစဉ်အလာရှိသော ဘာစီလိုနာအသင်း ကမ္ဘာ့ဘောလုံး မျက်နှာစာ၌ နာမည်ပြန်ကြီးလာပြီး ရော်နယ်ဒင်ဟိုလည်း ကျော်ကြားမှုဖြစ်ခဲ့လေသည်။

စွမ်းဆောင်ခဲ့

တစ်ဖန် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း ဘာစီလိုနာ အသင်းအတွက် ရော်နယ်ဒင်ဟို ၂၉ ပွဲကစားပေးခဲ့ပြီး၁၇ဂိုး သွင်းယူနိုင်ခဲ့ရာ လာလီဂါတွင် ဂိုးအများဆုံး သွင်းသူများ၌ ပါဝင်ခဲ့သလို ဘာစီလိုနာလည်း ထပ်ဆင့် လာလီဂါချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့ပြန်သည်။

အသိအမှတ်ပြု

ထို့အတူ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင်လည်း ဘာစီလိုနာအတွက် ၁၂ပွဲ ကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးကာ ချန်ပီယံလိဂ် ဖလားကို ရအောင်ယူနိုင်ပေးခဲ့သဖြင့် တစ်နှစ်တည်းတွင် လာလီဂါဖလားနှင့် ချန်ပီယံလိဂ် ဖလား နှစ်လုံးကို တစ်ပြိုင်နက်တည်း ယူပြလိုက်ရာ ရော်နယ်ဒင်ဟို၏ ခြေစွမ်းကို ဘာစီ လိုနာအသင်း လူကြီးများနှင့် ပရိသတ်များ အသိအမှတ်ပြုခဲ့ရလေသည်။

အခြေအနေ

ဘာစီလိုနာ အောင်မြင်မှုနှင့် ရော်နယ်ဒင်ဟိုတို့ ခွဲခြားမရနိုင်အောင် ရော်နယ်ဒင်ဟို စွမ်းဆောင်နေခဲ့ရာ ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်လည်း လာလီဂါ၌ ဘာစီလိုနာတို့ လက်ရှိအချိန်၌ ၁၈ပွဲကစားပြီး ၃၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။ ဆီဗီလာ၊ ရီးရဲမက်ဒရစ်တို့နှင့် ရမှတ်တူနေသော်လည်း ဘာစီလိုနာက တစ်ပွဲလျော့လျက် ရှိနေရာ အခြေအနေ ကောင်းလျက်ရှိသည်။

ရပ်တည်

လာလီဂါတွင် ဘာစီလိုနာအတွက် ရော်နယ်ဒင်ဟို ၁၅ပွဲကစားပြီး ၁၂ဂိုး သွင်းထားပေးထားပြီးဖြစ်ရာ လာလီဂါ၌ ဂိုးအများဆုံးသွင်းထားသူအဖြစ် ရပ်တည်လျက်ရှိနေသည်။ ထို့အတူ ချန်ပီယံလိဂ်တွင်လည်း အခြေအနေကောင်းလျက်ရှိရာ ယခုနှစ်တွင်လည်း လာလီဂါ၌ ဘာစီလိုနာတို့ ဗိုလ်စွဲနိုင်သလို ချန်ပီယံလိဂ်ဖလား ထပ်ဆင့်ချန်ပီယံဖြစ်ရန် ရော်နယ်ဒင်ဟို မည်သို့စွမ်းဆောင်ပေးမည်ကိုသာ စောင့်ကြည့်ရမည်ဖြစ်ပေသည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဆီဗီလာ လာလီဂါ၌ အမှတ်တူဖြင့် ဦးဆောင်နေ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

မက်ဒရစ် ဇန်နဝါရီ ၂၃

ဘာစီလိုနာနှင့်ရီးရဲမက်ဒရစ်တို့သည် စပိန်လာလီဂါ ပွဲစဉ်(၁၉)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်သင်းစလုံး အနိုင်ရခဲ့ပြီး ဘာစီလိုနာတို့ အမှတ်ပေးဇယား ထိပ်ဆုံး ပြန်ရောက်လာသည်။

လိုက်လာ

သို့ရာတွင် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဆီဗီလာ တို့သည် အမှတ်ပေးဇယားတွင် ၃၈မှတ်စီဖြင့် ရမှတ်တူ ရရှိထားသည်။ သို့ရာတွင် သွင်းဂိုးကွာခြားချက်အရ ဘာစီလိုနာက အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေပြီး ရီးရဲမက်ဒရစ်က ဒုတိယနေရာမှ လိုက်လာသည်။ ဆီဗီလာက တတိယနေရာတွင် ရှိသည်။

ရီးရဲမက်ဒရစ်အသင်းသည် ဇန်နဝါရီ ၂၂ရက်က ယှဉ်ပြိုင်ခဲ့သော အဆိုပါပွဲစဉ်တွင် မာလော့ကာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းဂိုးကို ရေးယက်စ်က အလွတ်တည်ကန် ဘောမှတစ်ဆင့် သွင်းယူသွားခြင်း ဖြစ်သည်။ ထိုအတောအတွင်း ဘာစီလိုနာ အသင်းသည် နူးကင့်၌ အမှတ်ပေးဇယား အောက်ဆုံးရောက် ဂျင်နက်စတစ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

သွင်းယူနိုင်

ဘာစီလိုနာအတွက် ဂိုးများကို ပွဲစပြီး ၁၈မိနစ်အကြာတွင် ဆာဗီယိုလာက အဖွင့်ဂိုးသွင်းယူပြီး ဒုတိယပိုင်းတွင် လူဒိုဗစ်နှင့် အင်ဒရက်စ်အနစ္စတာတို့က ဒုတိယနှင့် တတိယ ဂိုးများ သွင်းယူနိုင်ခဲ့သည်။

ဗလင်စီယာအသင်းသည် ဒေးဗစ်ဗီလာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရီးရဲဆိုစီဒက်ကိုနိုင်ပြီး ထိပ်ဆုံးသုံးသင်းနှင့်အတူ စတုတ္ထနေရာမှ လိုက်လာသည်။

ရီးရဲမက်ဒရစ်သည် မာလော့ကာသို့ ပထမတန်းဦးစားပေး ဘောလုံးသမားများမပါဘဲ သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။ နည်းပြ ကာပယ်လိုသည် ရာအူးလ်၊ အီမာဆင်၊ ရောဘတ်တို ကားလို့စ်၊ မာဆယ်လို၊ ဂူတီနှင့် စီစင်ဟိုတို့မပါဘဲ သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။

ဘက်ခမ်းနှင့်ရော်နယ်ဒိုတို့သည် မျက်နှာသာပေးခြင်း မခံရသော်လည်း ကြိုးစားကစားခဲ့ကြသည်။ ဘာစီလိုနာ အသင်းသည် ဒီဇင်ဘာ ၉ရက်က ရီးရဲဆိုစီဒက်ကို အနိုင်ရပြီးနောက် ပထမဆုံးအကြိမ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မန်ယူနိုင်ပွဲ ပြန်စနိုင်မည် နည်းပြ ဖာဂူဆန်ပြောကြား

အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၂၃

မန်ချက်စတာယူနက်တက် အသင်းသည် အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မန်ယူ၏ ဖလားရရှိရေး မျှော်မှန်းချက်ကို ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

မန်ယူ နှင့်ကစားသည့်ပွဲ၌ ဗန်ပါစီ ခြေဖဝါးကျိုးခဲ့

လန်ဒန် ဇန်နဝါရီ ၂၃

အာဆင်နယ် တိုက်စစ်မှူး ဗန်ပါစီသည် ညာဘက်ခြေထောက် ခြေဖဝါးရိုးကျိုးသွားကြောင်း အာဆင်နယ် အသင်းက ကြေညာထားသည်။

ဂိုးအများဆုံးသွင်းယူပေး

၎င်းသည် မန်ယူနှင့်ကစားသည့်ပွဲတွင် အဆိုပါ ခြေထောက်အရိုး ကျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက်(၂၃)နှစ်ရှိ ဗန်ပါစီသည် ယခုနှစ်ရာသီတွင် အာဆင်နယ် အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးထားပြီး စုစုပေါင်း ၁၁ဂိုး သွင်းယူထားသည်။



အာဆင်နယ်ကစားသမား ဗန်ပါစီ။
(ဓာတ်ပုံ-အင်တာနက်)

ကျိုးအက်

အဆိုပါတိုက်စစ်မှူးအား ပြိုင်ပွဲအပြီးဓာတ်မှန်ရိုက်ကြည့်ရာတွင် ခြေဖဝါးရိုးမှာ သိသာစွာ ကျိုးအက်နေကြောင်း အာဆင်နယ်က အတည်ပြုခဲ့သည်။

ပြောကြား

ဗန်ပါစီသည် ၎င်းဒဏ်ရာကြောင့် အနည်းဆုံး ခြောက်ပတ် အနားယူရဖွယ်ရှိသည်ဟု အာဆင်နယ်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ပွဲစဉ်(၂၄)အဖြစ် ယှဉ်ပြိုင်ကစားသည့် ပြိုင်ပွဲတွင် အာဆင်နယ်က မန်ယူကို အွန်နရီ၏ လေလွင့်ချိန် ဂိုးဖြင့် နှစ်ဂိုး-တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့သည်။ ယင်းပွဲအနိုင်ရလိုက်၍ မိမိတို့အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ဖလားအတွက် ထိပ်တန်းစိန်ခေါ်နိုင်သည့်အသင်းအဖြစ် ရှိနေဆဲပင်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

မလျှော့သောဇွဲလုံ့လ

ယခုကဲ့သို့ အာဆင်နယ်က မန်ယူအပေါ် အနိုင်ရလိုက်သဖြင့် မန်ယူတို့ အကြီးအကျယ် စိတ်ပျက်သွားပုံရကြောင်း၊ သို့ရာတွင် ယင်းအနိုင်ရရှိမှုဖြင့် မန်ယူကို တစ်စစီ ကျိုးပဲ့သွားအောင် လုပ်နိုင်လိမ့်မည် မဟုတ်ကြောင်း၊ မိမိ၏ ကစားသမားများသည် တစ်ဂိုးရှုံးနေရာမှ တန်ပြန်တိုက်စစ်ဆင် ကစားခဲ့ရကြောင်း မလျှော့သော ဇွဲလုံ့လကြောင့်သာ အနိုင် ရလိုက်ခြင်းဖြစ်ကြောင်း ဝင်းဂါးက ပြောကြားသည်။

သို့ရာတွင် မိမိတို့ မန်ချက်စတာယူနိုက်တက်အသင်းသည် ချယ်လ်ဆီးက လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့မှုနှင့်စာလျှင် တစ်ဂိုးအသာရခဲ့ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြားသည်။

ဖာဂူဆန်အနေဖြင့် ပရီမီယာလိဂ်တွင် တတိယမြောက် ရှုံးနိမ့်ခဲ့ပြီးနောက် ပြန်လည်နိုင်ပွဲများ ကစားနိုင်လိမ့်မည် ဖြစ်ကြောင်း မျှော်လင့်ထားသည်။ **(အင်တာနက်)**

မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်က သတ္တမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြပဟန်က အမှာစကား ပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြား တင်ပြကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး နှမ်းထမနဲ့စတုဒိသာပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၁၀)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် အလှူပွဲကို ဇန်နဝါရီ ၃၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီမှ စတင်ကာ ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများအား စတုဒိသာကျွေးမွေး၍ လှူဒါန်းမည်ဖြစ်သည်။ နှမ်းထမနဲ တစ်ဒယ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တနိုင်အလှူဖြင့် လည်းကောင်း ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ယာဉ်မောင်း

- ကားကောင်းမောင်းနိုင်သူ (၂) ဦး
- (၂/၃)တန် ကားမောင်းနိုင်သူ (၃) ဦး
- ကားသေးမောင်းနိုင်သူ (၂) ဦး

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိတို့ CV(ကိုယ်ရေးရာဇဝင်)၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ မိမိကိုဆက်သွယ်ရန်လွယ်ကူသော ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တထောက်ခံစာ(ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား မိတ္တူတို့ဖြင့် ရန်ကုန်စာတိုက်သေတ္တာ အမှတ်(၁၂၃၄)သို့ ပေးပို့လျှောက်ထားနိုင်သည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ကား ၆ခ/၃၄၆၅ ၏ အခွန်စာရွက် အစိမ်းရောင် ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၅၄၆၇၈၈။

ကျေးဇူးဆပ်ပါမည်

ဦးအောင်ရဲကျော်၏ နိုင်ငံကူးလက်မှတ် ၁၁၄၃၇၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဆက်သွယ်ရန်**

ဖုန်း– ၀၉–၉၉၇–၀၁၈၇။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ အမှတ်၇၀၁(ဘီ)ဆောင်နေ မအောင်ဝိုးသိမ်းနှင့် ဓမ္မမိတ်ဆွေများ၏ စုပေါင်းလှူဒါန်း ငွေကျပ် ၅၂၃၀၀၀ကို ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရ၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံယူစဉ်။

(က–ပ)

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၂၄

ဦးမျိုးထွန်းဝင်း အမှတ် ၁၀၄၀၂ သုဓမ္မာလမ်းမကြီး၊ (င)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	ဦးမြသောင်း အမှတ် ၅၀၃ ဘုမ္မာ ၁၃ လမ်း၊ (ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အမှတ် ၅၀၃၊ ဘုမ္မာ ၁၃ လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးမြသောင်း (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။ တရားလိုက သင့်အပေါ်၌ အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စုစုဝင်း(တ/၁၉၃၄)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပန်းပေါင်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပန်းပွင့်ခုနစ်ကုဋေ ပန်းပေါင်းဘုရားကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၁၃ရက်၊ ၁၄ရက်၊ ၁၅ရက်(ဇန်နဝါရီ ၃၀၊ ၃၁နှင့် ဖေဖော်ဝါရီ၁ ရက်)တို့တွင် သုံးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ဖြင့် ဆက်ကပ်ခြင်းတို့ဖြင့် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

တပ်မတော် ကလေးများကျောင်း (မင်္ဂလာဒုံ) ယခုအထက(၁)၊ အထက (၅)တို့တွင် ၁၉၄၉–၁၉၆၉အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) မင်္ဂလာဒုံ(ဝါ ယာလက်) မြဇရာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်နိုင်

မည်သည့် ခုနှစ်မှမဆို ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးအောင်ရွှေ–ဒေါ်မြင့်မေ ဖုန်း–၆၂၀၅၅၁၊ ဦးအံ့ကူ ဖုန်း–၆၄၂၀၂၉၊ ဦးခင်မောင်ရင် ဖုန်း–၅၆၀၅၂၄၊ ဦးအေးကို ဖုန်း–၆၀၀၁၉၃၊ ဒုတိယဗိုလ်မှူးကြီး စန်းစန်းတင့် ဖုန်း–၀၃၁–၃၅၂၈၄၊ ဗိုလ်မှူးအုန်းသောင်း (ငြိမ်း) ဖုန်း–၆၃၅၃၉၆ နှင့် ဒေါ်ကြည်ကြည်မြင့် ဖုန်း–၆၃၅၀၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ကမ်းနားအလယ် ကမ်းနားအနောက်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်ပူဇော်မည့် အေးချမ်းအောင်မြင် စေတီတော်မြတ်ကြီးအတွက် အင်းစိန်ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာနေ ဦးသိန်းအောင်–ဒေါ်မိုးမိုးသန်း၊ သမီး မဟေနွယ်ဇင်ထူး မိသားစုက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနပတိ(ဓမ္မာစရိယ)ထံ အလှူငွေကျပ်တစ်သိန်းငါးသောင်း ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

မြို့နယ်အချို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၃

ပဲခူးတိုင်း သနပ်ပင်မြို့နယ် သနပ်ပင်လမ်းဘေးရှိ ဦးထွန်းဝင်း၏ အိမ်၌ ဇန်နဝါရီ ၁၉ရက် မွန်းလွဲ ၁နာရီခွဲခန့်တွင် ဖန်ရည်ကျိုရာမှ မီးများပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ဖန်ခွက်အလုံး ၂၀၀၀ ခန့်၊ ပန်ကာသုံးလုံး၊ မော်တာနှစ်လုံး၊ အဆောက်အအုံတစ်လုံး မီးလောင်ခံရပြီး ငွေကျပ်ငါးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

မန္တလေး

အလားတူ မန္တလေးတိုင်း မတ္တရာမြို့နယ် ပွဲကြီးကျေးရွာ အလယ်ရပ်သန်းရအုပ်စုနေ ဦးအောင်ဆန်းဦး၏ အိမ်၌ ဇန်နဝါရီ ၂၀ရက် ည ၁၀ နာရီခန့်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ငွေကျပ် ၁၅၀၀၀ဖိုးခန့် ဆုံးရှုံးသည်။

ရန်ကုန်

ထို့အတူ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကမ္ဘာအေးစေတီဝင်း ဦးကျော်အုန်း၏ဆိုင်ခန်း၌ ဇန်နဝါရီ ၂၂ရက် နံနက်၃နာရီခန့်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် ဆိုင်ခန်းသုံးခန်း မီးလောင်ခံရပြီး ငွေကျပ် ၆၀၀၀၀ဖိုးခန့် ဆုံးရှုံးခဲ့သည်။

အလားတူ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရန်အောင်လမ်းသွယ် ၃ လမ်း တိုက်အမှတ် ၃၁၃၊ အခန်း ၁၄ နေ ဒေါ်ကြည်ရွှေ၏ လေးခန်းတွဲလေးထပ်တိုက် စတုတ္ထလွှာ၌ ဇန်နဝါရီ ၂၂ရက် နံနက် ၁၁နာရီခန့်တွင် မီးစက်နှိုးရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် စတုတ္ထလွှာတစ်ထပ် မီးလောင်ခံရပြီး ငွေကျပ် ၁၆၅၀၀၀ဖိုးခန့် ဆုံးရှုံးခဲ့သည်။

မော်လမြိုင်

ထို့အတူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက် အမှတ် ၉၃၀ နေ ဒေါ်ကျင်စိန် (ဈေးရောင်း)၏ တဲအိမ်၌ ဇန်နဝါရီ ၂၂ရက် ည၁၁နာရီခန့်တွင် ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် တဲအိမ်တစ်လုံးမီးလောင်ခံရပြီး ငွေကျပ် ၁၁၀၀၀ဖိုးခန့် ဆုံးရှုံးခဲ့သည်။

မိတ္ထီလာ

အလားတူ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပေါက်ချောင်းရပ်ကွက် နယ်မြေ(၂) ဦးကျော်ဦးပိုင် မေတ္တာဂုဏ်အမျိုးသမီးဘော်ဒါဆောင်၌ ယနေ့နံနက် ၂နာရီခန့်တွင် ဖယောင်းတိုင်မီးဖြင့်စာကြည့်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ဘော်ဒါဆောင်တစ်ဆောင် မီးလောင်ခံရပြီး ငွေကျပ် ၈၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မိုင်းများပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ(၄)ဦး ထိခိုက်ဒဏ်ရာရရှိ သောင်းကျန်းသူများ၏အဖျက်လုပ်ရပ်ပြည်သူက ခံပြင်းနာကြည်းရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၃

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့်နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း ဇန်နဝါရီ ၂၀ရက်၊ ၂၁ရက်နှင့် ၂၂ရက်တို့တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းများပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြကြောင်း သိရှိရသည်။

ညာခြေကျင်းဝတ်ပြတ်

ဇန်နဝါရီ ၂၀ ရက်တွင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာနေ မောင်အောင်သူထိုက် (၁၅)နှစ်သည် ရွာ၏အရှေ့ဘက် သုံးမိုင်ခန့်အကွာရှိ လမ်းဘေးဇီးပင်၌ ဇီးသီးခူးစားနေစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲသဖြင့် ညာခြေကျင်းဝတ်ပြတ်သွားခဲ့ရသည်။

ဇန်နဝါရီ ၂၁ ရက်ကလည်း ကျောက်ကြီးမြို့နယ် မုန်းဒေသ မီးတိုင်တောကျေးရွာနေ ဦးကုလား (၄၈)နှစ်သည် ယာခင်းသို့လှည်းဖြင့်သွားခိုက်တွင် ပျားတဲဆိပ်အရောက် လှည်းပေါ်မှဆင်း၍ အပေါ့သွားစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲသဖြင့် ညာခြေကျင်းဝတ် ပြတ်သွားခဲ့ရသည်။

အလားတူ ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်တံတားထိပ်ရှိ သားထွေးလက်ဖက်ရည်ဆိုင်၌ ဇန်နဝါရီ၂၂ရက် ည ၈နာရီကျော်ခန့်တွင် ကွမ်းယာစားဆေးဘူးလွတ်တစ်လုံးဖြင့် သောင်းကျန်းသူများပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲသွားသဖြင့် လက်ဖက်ရည်သောက်နေသော ထက်ဝေအောင် (၃၅)နှစ်နှင့် ကျော်မင်းဌေး(၂၃)နှစ်တို့ အသီးသီးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ခံပြင်းနာကြည်း

မိုင်းထိဒဏ်ရာရရှိသူများအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိစေသော သောင်းကျန်းသူများ၏ မိုင်းထောင်သည့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ပြည်သူလူထုက ခံပြင်းနာကြည်းရှုတ်ချလျက်ရှိနေကြကြောင်း သိရသည်။ (သတင်းစဉ်)

မူဆယ်မြို့ ဝန်ထမ်းအိမ်ရာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မူဆယ် ဇန်နဝါရီ ၈

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မူဆယ်မြို့ ဝန်ထမ်းအိမ်ရာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးသိန်းက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ်အလံများကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှ၊ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်တို့အား ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အလင်းပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အလှူငွေကျပ် ၃၀၀၀၀နှင့် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၅ရက်က ကျင်းပရာ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးက ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းကြည်အား အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့၌ ကတ္တရာလမ်းခင်း

ဝမ်းတွင်း ဇန်နဝါရီ ၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် မြို့ပြလမ်း လုပ်ငန်းများအနက် အမှတ်(၅)လမ်းကတ္တရာခင်းခြင်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေ ဆောင်ရွက်သော ကျောက်ခင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်၍ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိမရှိကို ဒီဇင်ဘာ ၂၆ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန်ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဗန်းမော်မြို့ ကောင်းတုံကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်

ဗန်းမော် ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကောင်းတုံကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ကောင်းတုံကျေးရွာ ကျောက်ချောလမ်း ဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးအပ်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်ဝင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး **(အောက်ပုံ)** ကျောက်ချောလမ်းသစ်ကို စစ်ဆေးကြသည်။

အဆိုပါကျောက်ချောလမ်းမှာ အရှည် ၁၈၂၄ပေ၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၅၄၀၀၀၀၀ဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်လမ်းဖြစ်သည်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းအလှပြင်သင်တန်းဖွင့်ပွဲ စစ်တွေ၌ကျင်းပ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း

စစ်တွေ ဒီဇင်ဘာ ၃၁

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ရက်က စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက အဖွဲ့ဝင် ဒေါ်မို့မို့နွယ် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

ဖတ်ကြားရှင်းလင်း

ထို့နောက် သင်တန်းနည်းပြ လက်ထောက်မန်နေဂျာ ဒေါ်လှလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်း ကြီးကြပ်ရေးမှူးက သင်တန်း၏ စည်းမျဉ်း၊ စည်းကမ်းများကို ဖတ်ကြားရှင်းလင်းသည်။

တက်ရောက်

သင်တန်းသို့ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆရာစံပျိုးဥယျာဉ်ကို ဒီဇင်ဘာ ၁၆ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်တင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မော်လိုက်မြို့နယ် ကြက်ခြေနီအသင်း ရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်

မော်လိုက် ဇန်နဝါရီ ၃

မော်လိုက်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် လူထုအတွင်း ရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် တောင်းအင်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဒေါက်တာအောင်ကြီးမောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူးဒေါ်ခင်သန်းနွဲ့က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းသည်။

ပို့ချပေး

အဆိုပါသင်တန်းတွင် သဘာဝဘေးအန္တရာယ်ကာကွယ်နည်း၊ အသက်ရှူအားကူနည်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အရိုးကျိုးခြင်းအမျိုးမျိုး၊ သွေးယိုထွက်ခြင်းအမျိုးမျိုး၊ ပတ်တီးစည်းနည်းနှင့် လူနာသယ်ဆောင်ခြင်း ဘာသာရပ်များကို ရက်သတ္တတစ်ပတ် ပို့ချပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်တုန်းမြို့နယ် ဓနိဖြူကျွန်းရွာ-သဇင်ရေကျော်ရွာ ကျေးလက်လမ်းကို ၁၄၄သိန်းဖြင့် အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းမှုကို ဇန်နဝါရီ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၉၈)

ကလေးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအ သင်း ဝင် များ ဒီဇင်ဘာ၂၃ရက်က ကလေး အကျဉ်းထောင်ရှိ အကျဉ်းသူများအား အေအိုင် ဒီ အက်စ်ရောဂါ အကြောင်း သိကောင်း စရာများ ဆွေးနွေးဟောပြောပြီး စောင်နှင့် အနွေးထည် များ လှူဒါန်းဝေငှစဉ်။ (၄၁၇)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ (၇)မိုင် မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်း အမှတ်(၁)နေ ဒုတိယဗိုလ်မှူးကြီးကိုကို(ငြိမ်း)–ဒေါ်လှလှမြနှင့် သားသမီး၊ မြေးမိသားစုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်

ထန်းတပင် ဇန်နဝါရီ ၁၆

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပေးခဲ့သည့် ဆိတ်ကြီးကျေးရွာတွင် ရေကောင်းရေသန့်ရရှိရန်အတွက် ဆောင်ရွက်ပေးမှုကို ဒီဇင်ဘာ ၁၃ရက်က လူမှုရေးအသင်းအဖွဲ့ဝင်များ ကြည့်ရှုလေ့လာကြရာ မြို့နယ်အမှုဆောင် အရာရှိ ဦးထင်အောင်ဦးက ရှင်းလင်းပြသကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့သ ဃ်န်း ကျွန်းမိ ကျောင်း ကန်အပိုင်း(၂) မေတ္တာလမ်း အမှတ်(၄၆)နေ ဦးကျော်ရွှေ–ဒေါ်မို့မို့တင့်၊ သားမောင်ထက်ပိုင်အောင်၊ သမီး မမေမြတ်မွန်ကျော်၊ မအေးမို့မို့ထွေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး အဆိုပြုလွှာပေးအပ်ပွဲ နတ်တလင်း၌ ကျင်းပ

နတ်တလင်း ဇန်နဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူမှောင်ခိုကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီက နတ်တလင်းမြို့နယ် အောင်ဇေယျာကျေးရွာအုပ်စု အလက၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက လူမှောင်ခိုကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် အောင်ဇေယျာကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ ၁၀၀ကို သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်က ပေးအပ်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းခြံမြို့ အမှတ်(၄)ရပ်ကွက် အေးမေတ္တာလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောခင်းခြင်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁ရက်က ခရိုင်ဥက္ကဋ္ဌဦးလှမိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် အင်ဂျင်နီယာမှူး ဦးစိုးနိုင်တို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင့်ဝေက လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဇန်နဝါရီ ၈

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသော ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါ အသင်းရုံး သားဖွားဆောင်၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာ မြင့်စိုးက ကျန်းမာရေး ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အဆိုပါ ပြိုင်ပွဲအတွက် ကြာနီကန်ရပ်ကွက် ရွှေလမင်းဆန်စက် ပိုင်ရှင် ဦးသန်းမြင့်က ငွေကျပ်သုံးသောင်း လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ မွေးစမှ သုံးလအထိဆုရသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်း**(အောက်ပုံ)**၊ သုံးလမှ ခြောက်လအထိ ဆုရရှိသူများကို မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်း၊ ခြောက်လမှတစ်နှစ်အထိ ဆုရရှိသူများကို အလှူရှင် ဦးသန်းမြင့်၊ တစ်နှစ်မှ တစ်နှစ်နှင့်ခြောက်လဆုရရှိသူများကိုမြို့နယ်ဆရာဝန် ဒေါက်တာမြင့်စိုးနှင့်အမြွှာဆုရရှိသူများကို မြို့နယ်အတွင်းရေးမှူးဦးသိန်းဇော်တို့က ဆုများချီးမြှင့်ကြသည်။**(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကလေးပြိုင်ပွဲ သံဖြူဇရပ်၌ ဆုချီးမြှင့်

သံဖြူဇရပ် ဇန်နဝါရီ ၂၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာတင်ဦးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဆုရကလေးများနှင့် မိခင်များကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ အဖွဲ့ပိုင် နီလာဈေးအတွင်း၌ မီးငြှိမ်းသတ်မှုသရုပ်ပြ ဓာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၉ရက်က မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးသာဌေးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယ ဦးစီးမှူး(ဈေး) ဦးတင်ရှိန်နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မီးငြှိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

စလင်း ဇန်နဝါရီ ၁

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ စလင်းမြို့မဈေးတွင် အရေးပေါ် မီးငြှိမ်းသတ်နည်းဓာတ်တိုက် သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၂ရက်က မြို့မဈေးကြီးအတွင်း၌ ကျင်းပသည်။

အဆိုပါ လေ့ကျင့်သရုပ်ပြပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဇော်လင်းထက်တို့ ဦးဆောင်ကြီးကြပ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အလှူငွေပေးအပ်ပွဲကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၁

ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်နေ မိဘနှစ်ပါးဖြစ်ကြသော ဦးဘိုလေး–ဒေါ်တင်ပုအား ရည်စူး၍ သာသနာရေး၊ ဘာသာရေးနှင့် လူမှုရေး အသင်းများသို့ အလှူငွေလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၆ရက်က အလှူရှင်၏ နေအိမ်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးတင်ဝေ၊ ဦးခင်မောင်ကျော်၊ ညီနှင့် ညီမများ တစ်စုတို့က ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာတော် တစ်ပါးလျှင် ကျပ်ငါးသောင်းစီ ဆက်ကပ်ကြကာ မြို့ပေါ်ရှိ သာသနရက္ခိတ ဗုဒ္ဓဘာသာ အသင်းအတွက် အလှူငွေကျပ်ငါးသိန်း၊ နာရေးသုဂတိရှင်အသင်းအတွက် အလှူငွေကျပ်ငါးသိန်းနှင့် အသက် (၉၀) ကျော်အဘိုး၊ အဘွားများအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။ **(ဝဇိ၁)**

ပဲခူးတိုင်း ဒိုက်ဦးမြို့နေ ဦးထင်ကျော်မိုး–မပန်းချယ်ရီ မိသားစုနှင့် ခေတ္တမလေးရှားရောက် လူငယ်များ စုပေါင်း၍ ဒီဇင်ဘာ ၂၅ ရက်က ဒိုက်ဦးမြို့ ကန်တော် မင်္ဂလာပရဟိတကျောင်းရှိ သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်း၍ ကျောင်းရှိ မိဘမဲ့ကလေး ၁၀၀ ကျော်တို့အား နံနက်စာ ကျွေးမွေးလှူဒါန်းပြီး ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆန်အိတ် ၅၀ ကို တိုက်အုပ်ဆရာတော် ဦးကောဝိဒရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကန်တော်မင်္ဂလာ ပရဟိတကျောင်း ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က လက်ခံယူစဉ်။ (က–ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေး လှူဒါန်း ထူးချွန်ဝန်ထမ်းများဂုဏ်ပြုပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဒေါ်အေးခင်က အမှတ်(၅)အခြေခံပညာ မူလတန်းကျောင်း မြေနေရာနှင့် အဆောက်အအုံအတွက် တန်ဖိုးငွေကျပ် ၃၇၁ သိန်း **(ယာပုံ)**၊ ပတ္တမြားနဂါး ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် ဒေါ်အေးအေးမြင့်မိသားစုက ငွေကျပ်သိန်း ၂၀၀၊ စီးပွားရေးလုပ်ငန်းရှင် ဦးအာလိန်ကောနှင့် ဒေါ်အေးအေးရီတို့က ငွေကျပ်သိန်း ၅၀နှင့် အင်းလေးရီဇော့ဟိုတယ်လုပ်ငန်းရှင် ဦးလှအောင်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လက်ခံရယူသည်။

ဆက်လက်၍ ၂၀၀၆ခုနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ပွဲ ကျင်းပရာ ထူးချွန်ဝန်ထမ်း ၂၁ ဦးအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုလွှာနှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပိုလ်လုပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီက မြို့မအားကစားကွင်း၌ကျင်းပရာ မကာဟိုခမ်းရပ်ကွက်အသင်းနှင့် တာလေမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဗိုလ်လုပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဘောလုံးဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗိုလ်လုပွဲတွင် မကာဟိုခမ်းရပ်ကွက်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယရရှိသော တာလေမြို့နယ် ဘောလုံးအသင်းနှင့် နေရာအလိုက် အကောင်းဆုံးဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ဆက်လက်ပြီး ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးက ပထမဆုရရှိသော မကာဟိုခမ်း ဘောလုံးအသင်းအား ပထမဆုဖလားနှင့် ငွေကျပ်တစ်သိန်းတို့ကို အသင်းခေါင်းဆောင်နှင့် အုပ်ချုပ်သူတို့အား ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သရက်တော–မင်းဇံ မြေသားလမ်းဖောက်လုပ်ထားမှုကို ဇန်နဝါရီ ၁၄ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေး ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချမ်းအေး ဓမ္မစာပေပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြတ်ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက် ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသထေရ်၏ ဦးဆောင်မှုဖြင့် ချမ်းအေးစာတည်းအဖွဲ့က စီစဉ်ကျင်းပသော ဓမ္မစာပေပြိုင်ပွဲ(ဆောင်းပါး)ကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပေးပို့နိုင်

ယခုနှစ်ပြိုင်ပွဲတွင် ကိုယ်ကျင့်သီလ၊ ပဓာန ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲဝင် ဓမ္မစာပေပညာရှင်များသည် ပြိုင်ပွဲဝင်စာမူများကို အရှင်ဝိလာသ (ဝေမိုး–ကျွန်းလှ) ချမ်းအေးရိပ်သာ သံသုမာလမ်းမ ၈/က ရပ်ကွက် သုဝဏ္ဏမြို့ သင်္ဃန်းကျွန်းမြို့နယ် ဖုန်း– ၅၇၂၁၀၆၊ ဆရာချစ်ဦးညို အမှတ် ၅၄၊ ၄၄ လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၉၉၇၇၃ နှင့် ဦးကြိုင်မြင့် ဝါမိုးအောင်စာပေ စာပေဗိမာန်အဆောက်အအုံ ကျောက်တံတားမြို့နယ် ဖုန်း–၂၉၅၉၈၈၊ ၃၇၁၅၆၃ တို့သို့ စည်းကမ်းချက်များကို စုံစမ်းမေးမြန်း၍ စာမူများကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

စစ်ကိုင်းမြို့ ရန်နိုင်အလယ်တန်းကျောင်း အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၁၈

စစ်ကိုင်းမြို့ ရန်နိုင်အလယ်တန်းကျောင်း အလက(၁)၌ ၁၉၅၂ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်းရှိ ရွှေပြည်အေးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

ဆုံးမစကားပြော

ရှေးဦးစွာ ကျောင်းသားဟောင်း ဦးဌေးမင်း(ရွှေနဂါးလက်ဖက်ရည်ဆိုင်)က ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး အငြိမ်းစားဆရာကြီး ဦးခင်မောင်နှင့် အငြိမ်းစားကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စန်းကြည်တို့က ဆုံးမစကား ပြောကြားကြကာ နံနက်စာဖြင့် ကျွေးမွေး ဧည့်ခံကြသည်။

ကန်တော့

ဆက်လက်၍ ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော အသက် (၉၃) နှစ်အရွယ်ရှိ အငြိမ်းစားဆရာမကြီး ဒေါ်ကျင်ရွှေလေး၏ နေအိမ်သို့ လည်းကောင်း၊ အခြား ဆရာကြီး၊ ဆရာမကြီး သုံးဦးတို့၏ နေအိမ်များသို့လည်းကောင်း သွားရောက်၍ ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရသည်။

(၃၁၃)



ကျောက်ချောလမ်းခင်း

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ဇန်နဝါရီ ၅ ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သာပေါင်း–ဆောင်ပုံ (ရှမ္ဘမြောင်လမ်းပိုင်း)ကျောက်ချောလမ်းခင်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးရှောင် မလောင်ခင်တား

ရေအားလျှပ်စစ်စက်ရုံ စုပေါင်းတည်ဆောက်

ကောလင်း ဒီဇင်ဘာ ၂၅

ကောလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်အရ ကောလင်းမြို့နယ် ကြာအင်းအုပ်စု အောင်ကုန်းကျေးရွာ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်၊ အသင်းစည်းရုံးရေးမှူး ဦးရင်မောင်နှင့် အသင်းသူ အသင်းသားများ စုပေါင်းတည်ဆောက်ကြသည်။

(ဝ၂၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့မွန်းလွဲပိုင်းတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်မှ မန္တလေးမြို့သို့ ထွက်ခွာသွားကြသည်။

ကြိုဆို

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ) သဘောထားကြေညာချက်

မြန်မာ့ပြည်တွင်းရေးကို ပြည်ပမှ ဝင်ရောက်ဖြေရှင်းမှု လုံးဝလက်မခံနိုင် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမိုတ်မသုန်ဆက်လက်ချီတက်မည် အမျိုးသားညီလာခံတွင် ဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ)က ဇန်နဝါရီ ၁၇ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထား ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ)၏ သဘောထားကြေညာချက်

ရက်စွဲ ။ ၁၇–၁–၂၀၀၇

၁။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အရေးယူ ဆောင်ရွက်ရန် အစီအစဉ်တင်သွင်းမှုအပေါ် ကျွန်ုပ်တို့အဖွဲ့အစည်းက ကန့်ကွက်ခဲ့သကဲ့သို့ မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒေသအလိုက် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့မြန်မာနိုင်ငံအပေါ် အမျိုးမျိုးသော အခြေအမြစ်မရှိ၊ သက်သေခံအထောက်အထားခိုင်လုံမှု မရှိသည့် သတင်းအချက်အလက်များအပေါ်တွင် အကြောင်းပြုပြီး ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ကို ဝင်ရောက်စွက်ဖက်လိုသည့် နယ်ချဲ့အကြံအစည်များအပေါ် ကျွန်ုပ်တို့ ကရင်နီအမျိုးသားစည်းလုံး ညီညွတ်ရေး(ကမစည)ငြိမ်းချမ်းရေးအဖွဲ့က ပြင်းထန်စွာ ထပ်မံကန့်ကွက်ပါသည်။

၃။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုအပေါ် ကိုယ်ချင်းစာတရားနှင့် စေတနာအမှန်ထားရှိကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးရေး ဆုံးဖြတ်ချက်ချမှတ်ရန် မူကြမ်းတင်သွင်းမှုကို ကန့်ကွက်ပယ်ချပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ များအား ကျွန်ုပ်တို့အဖွဲ့အစည်းက ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်လျက် ရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ ပြည်တွင်းရေးကို တိုင်းရင်းသားပြည်သူလူထုက အချင်းချင်းပြည်တွင်း၌သာ ဖြေရှင်းသင့်သော အရေးကိစ္စဟု ယုံကြည်၍ ပြည်ပဝင်ရောက်ဖြေရှင်းမှုကို လုံးဝလက်မခံနိုင်ပါ။

၄။ နိုင်ငံတော်မှ ချမှတ်ခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမိုတ်မသုန် ဆက်လက်ချီတက်သွားမည်ဖြစ်ပြီး အမျိုးသားညီလာခံတွင် ဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေး(ကမစည)ငြိမ်းချမ်းရေးအဖွဲ့မှ အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း သဘောထားကြေညာချက်

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို အတိုင်အဖောက်ညီညီ အချိန်ကိုက်လိုက်ပါလှုပ်ရှား ထောက်ခံခဲ့ကြသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်(၁/၂၀၀၇)

မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး အစီအစဉ်တွင် ပါဝင် စေရန် ဖိအားပေးသိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးပါရန် အဆိုပြုဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ် လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အနေဖြင့်လည်းကောင်း၊ အသင်းသားများအနေဖြင့်လည်းကောင်း များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။

ယနေ့နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကို အကောင်အထည်ဖော်နေပြီး အခြေခံအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးက ယခင်ပေါ်ပေါက်ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံသော တိုင်းရင်းသားများ တန်းတူညီမျှမှုကို အခြေခံသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲလျက်ရှိပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဒီမိုကရေစီ အခြေခံ ပြည်လုံးကျွတ်ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်၍ အတည်ပြုသွားရန် အမျိုးသားညီလာခံကြီးက စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့ အမျိုးသားညီလာခံကြီးက ကြိုးပမ်းဆောင်ရွက်ချက်များအား မသိကျိုးကျွန်ပြုလျက် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို အမေရိကန်အစိုးရ၏ လုပ်ရပ် များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်လိုက်ပါလှုပ်ရှားထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေး ခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် များအသင်းအနေဖြင့် အထူးနှစ်ထောင်းအားရ ဂုဏ်ပြုကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရက်စွဲ။ ၂၂–၁–၂၀၀၇

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း